မြန်မာနိုင်ငံတော်ရှေးဟောင်းသုတေသနဌာန

# ရှေးဟောင်း အုတ်ခွက်ရုပ်ပွါး ဆင်းတုတော်များ

ဒုတိယတွဲ


ရေးသားပြုစုသူ

သီရိပျံချီ ဦးမြ (အငြိမ်းစားကျောက်စာဝန်)

အထူးအရာရှိ၊ ရှေးဟောင်း သုတေသနဌာန


---

# VOTIVE TABLETS OF BURMA

## PART II


*by*

**THIRIPYANCHI U MYA**

(Retd. Superintendent Archaeological Survey)

Officer on Special Duty

၁၇၉၆၄

### သရေခေတ္တရာပြည်မြို့ဟောင်း နေရာဖြစ်သောပြည်မြို့နှင့်မှော်ဇာရွာအနီးတဝိုက်ယို ရွာတို့၌တွေ့ယိုရသောရှေးဟောင်းအုတ်ခွက်ဆင်းတုတော်များ

# သရေခေတ္တရာပြည်ကြီးကိုစတင်တည်ထောင်ခြင်းအကြောင်း အကျဉ်းချုပ်

သရေခေတ္တရာ (ပြည်–မှော်ဇာ) မြို့ဟောင်း နေရာအနှံ့အပြား၌ တွေ့ယိုထားသော ရှေးဟောင်း အုတ်ခွက် ဆင်းတုတော်များ၏ အကြောင်းကို မရေးမီ၊ သရေခေတ္တရာမြို့ကို စတင် တည်ထောင်သည့် ခေတ်ကာလ ခပိုင်းအခြားတို့ကိုရာဇဝင်ထွက်၊ ကျောက်စာထွက်၊ မြန်မာသုတေသန ဌာနဖြစ်ပေါ်လာသည်မှစ၍ သုတေသီတို့ရှာဖွေတွေ့ယိုထားသော သက်ဆိုင်ရာအချက်အလက်များမှ ထွက်ပေါ်လာသော အချက်အလက်တို့ပါ ပက်လှမ်းမှီသလောက် သုတေသီတို့အတွက် စုဆောင်းထုတ်ဖော်ရေးသားလိုက်ပါသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးအလိုအားဖြင့်၊ သာသနာတော်နှစ်တရာ့တခုရောက်သောအခါ၊ မြတ်စွာဘုရားသခင်ဘိုးဦးတောင်ဖျား၌ ထားတော်မူခဲ့သည့် ဗျာဒိတ်တော်နှင့်အညီ၊ ညည့်တွင်းခြင်း နိမိတ်ကြီးငါးပါး ပေါ်ပြိုင်နက်ဖြစ်လေ၏၊ ထိုနိမိတ်ကြီးငါးပါးဟူသော်ကား၊ မြေကြီးငလျင်ပွဲ့ဘင်ထပ်မျှပြင်းစွာတုန်လှုပ်ခြင်းတပါး၊ ဘိုးဦးမော်အရပ်၌ အင်းကြီးဖြစ်ပေါ်ခြင်းလည်းတပါး၊ စမုန်ဆံမြိတ်မြစ်ဖြစ်ခြင်းလည်းတပါး၊ ပုပ္ပါးတောင်မြေမှ နွံစုန်တက်ခြင်းလည်းတပါး၊ သရေခေတ္တရာ ပြည်တည်ရာဝယ် ပင်လယ်ရေ ခန်းခြောက်ခြင်းလည်းတပါး၊ ဤသည်လျှင် နိမိတ်ကြီးငါးပါးတည်း။

ထိုဗျာဒိတ်တော် ဖြစ်ပေါ်လာခြင်းအကြောင်းကား၊ သဗ္ဗညုမြတ်စွာဘုရား ထင်ရှားပွင့်တော်မူ၍ ငါးဝါမြောက်သောအခါ၊သုနာပရန္တတိုင်း၊ လယ်ကိုင်းမည်သောဝါဏိဇ္ဇဂါမ၌၊ မဟာပုဏ်စူဠပုဏ် ညီနောင်နှစ်ပါး ဖုရားအားပန်၍၊စန္ဒကူးနံ့သာကျောင်းတည်၏။ မြတ်စွာဘုရားလည်း နောင်လာလတ္တံ့သော အနာဂါတ်၌၊ ဤမြန်မာပြည်တွင်ငါ၏သာသနာတော်အဓွန့်ရှည်စွာ တည်ရာဖြစ်လတ္တံ့ဟု မြင်တော်မူ၍ ပြာသာဒ် ယာဉ်ပုံငါးရာ ရဟန္တာငါးရာနှင့် ကောင်းကင်ခရီးဖြင့် ကျောင်းတော်မပြီးမခြင်း အကြိမ်ကြိမ် ကြွတော်မူလာ၏၊ ထိုကျောင်းပြီးသောအခါ အလှူခံတော်မူ၍၊ ခုနှစ်ရက်ပတ်လုံး ဈာန်၏ ချမ်းသာခြင်းဖြင့် မွေ့လျော်တော်မူ၏။ ဒေသနာ အမြိုက်တိုက်ကျွေးတော်မူလေ၏၊ ထိုအခါသုနာပရန္တတိုင်းသား ယောကျာ်းငါးရာ၊ မိန်းမ ငါးရာတို့သည်ရဟန္တာဖြစ်ကြကုန်၏။ ရှစ်သောင်းလေးထောင်သော ပရိသာတ်တို့အကျွတ်တရားရကြကုန်၏။ ထိုအရပ်တွင် ယိုသော သစ္စဗန္ဓရသေ့ကိုလည်း တရားဟောတော်မူ၍၊ အရဟတ္တဖိုလ်၌ တည်စေ၏။ သစ္စဗန္ဓမထေရ် တောင်းပန်သဖြင့်လည်း၊ သစ္စဗန္ဓတောင်ထိပ်၌စက်တော်ရာဘဆူ၊ နမ္မဒါနဂါးမင်းတောင်းပန်သဖြင့်လည်း၊ မန်းချောင်းနား၌ စက်တော်ရာဘဆူ၊ ဤနှစ်ဆူသောပဒါနက်သန် စေတီတို့ကိုလည်း ကျောက်ထက်နှိပ်၍ တံဆိပ်ခပ်ဘိသကဲ့သို့ ထားတော်မူ၏။ နောင်သောအခါ ငါ၏ သာသနာတော်သည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်းစသော မြန်မာတို့တိုင်းပြည်၌ ကောင်းစွာတည်လတ္တံ့ဟူ၍လည်း ဗျာဒိတ်တော်ကြားတော်မူ၏။

ထိုမှ ဒေသစာရီ ကြွချီတော်မူ၍၊ ဘိုးဦးတောင်ဖျားသို့ ရောက်တော်မူလတ်သော်၊ အရှေ့တောင်ယံ သမုဒ္ဒရာရေမျက်နှာထက်၊ နွားချေးခြောက် ပေါလောမျောလေသည်ကိုမြင်တော်မူ၏။ ပွေးငယ်တခုသည်လည်း သဗ္ဗညုမြတ်စွာဘုရားအား မြေကိုနှုတ်သီးဖြင့်ပူဇော်၏။ ထိုနိမိတ်နှစ်ပါးကိုမြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာ ငါပရိနိဗ္ဗာန်စံယူတော်မူ၍ သာသနာတော် တရာ့တနှစ်ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီးငါးပါးထင်ရှားဖြစ်လတ္တံ့၊ထိုသို့နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်သောအခါ ဤပွေးငယ်သည် ဤကိုယ်၏အဖြစ်မှ စုတေပြီးလျှင်၊ လူဖြစ်၍ ဒွတ္တပေါင်ဟူသောအမည်ဖြင့် မြို့ကြီးပြည်ကြီးထီးနန်းကနက် တည်ထောင်ပြုစု၍ မင်းဖြစ်လတ္တံ့၊ ထိုမင်းကြီး၏လက်ထက်တော်မှစ၍ မြန်မာတို့တိုင်းပြည်၌၊ ငါ၏သာသနာတော်သည် အဓွန့်ရှည်စွာလျှင် ထင်ရှားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်ကြားတော်မူခဲ့၏။

ထိုဗျာဒိတ်တော်နှင့်အညီ သာသနာနှစ် တရာ့တခုရောက်သောအခါ အထက်ဖော်ပြပါနိမိတ်ကြီးငါးပါးတို့သည်ဖြစ်ပေါ်လာ၏။ပွေးငယ်သည်လည်းသရေခေတ္တရာပြည်၌ဒွတ္တပေါင်အမည်နှင့်မင်းကြီးဖြစ်တော်မူလာ၏။

ထိုအခါ ဂဝံပတေ့။ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွရာ ဤသူမြတ် ခုနစ်ယောက်တို့သည်

ဖုရားသခင်ဗျာဒိတ်တော်ယှိသည်နှင့်အညီ မြို့တည်အပ်သောအကြောင်းကို စုရုံးတိုင်ပင်ကြ၍ သာယာညီညွတ်စွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ရပ်နေပြီးလျှင် နဂါးကိုစက်ကြိုးပြု၍ လှည့်တော်မူ၏။ ထိုသို့နဂါးစက်ကြိုးဖြင့်ရစ်သောအရာ၌ အချင်းအားဖြင့် တယူဇနာ အဝန်းအားဖြင့် သုံးယူဇနာယှိသော တံခါးကြီး သုံးဆယ့်နှစ်တံခါး၊ တံခါးငယ်သုံးဆယ့်နှစ်တံခါး၊ ကျုံးမြောင်းပစ္စင် ရင်လျှောက်၊ တန်ဆောင်းပြအိုးစသော မြို့အင်္ဂါခုနစ်ပါးနှင့် ထူးဆန်းတင့်တယ်လှစွာသော၊သိကြားနေရာ သုဒဿန မြို့ကဲ့သို့ မြတ်သော အသရေကိုဆောင်သော သရေခေတ္တရာ ရွှေမြို့တော်ကိုတည်၏။

မင်းကြီးအားထိုက်သော ဂိမှာနဥတု၊ ဝဿာနဥတု၊ ဟေမန္တဥတု၊ သုံးပါး၌ မွေ့လျော်ပျော်ပါးစေခြင်းငှာ ဘုံခုနှစ်ဆင့်ယှိသောပြာသာဒ်၊ဘုံခုနှစ်ဆင့်ယှိသောပြာသာဒ် ဘုံဘဆယ့်ဘဆင့်ယှိသောပြာသာဒ်ဤသို့သော ပြာသာဒ်နန်းသုံးဆောင်တို့ကိုလည်း၊ နတ်တို့လုပ်၍ မြို့နှင့်တကွ ခုနှစ်ရက်အတွင်း တွဲပြီး၏။

ထိုသို့မြို့၏ကိရိယာ၊ နန်း၏ကိရိယာ၊ အပြည့်အစုံပြီးပြေလျှင်၊ ဒွတ္တပေါင်မင်းကြီးအား သိကြားမင်းသည် လက်တော်မလျက် ရွှေနန်းတင်တော်မူ၏။ ရာဇာဘိသေကခံတော်မူ၏။ ထိုမင်းမိဖုရားကား ပျူမိဖုရားကို မည်းတော် မဟာသမ္ဘဝမင်းကြီးမိဖုရားမြောက်၍မြင်သော နှမတော်စန္ဒာဒေဝီဒိဖုရားလည်းတပါး နဂါးမင်းသမီး ဘေစန္ဒီလည်းတပါး၊ ဤနှစ်ပါးတည်း။ သိကြားမင်းလည်း သီလဝံသဘားအစယှိသော မင်းမြောက်တန်းဆာငါးပါးတို့ကိုလည်းကောင်း၊ ကေရာဇ်မင်းတို့နှင့်ထိုက်တန်သော မင်းဆောင်မင်းယောင် မင်းခမ်းမ်းနာတို့ကိုလည်းကောင်း။ ရန်သူအပေါင်းတို့ကို နှိမ်နင်းစေခြင်းငှာ အရိန္ဒမာလှံအစယှိသော ခေါင်းလောင်းစည်ကြီးတို့ကိုလည်းကောင်း၊ မင်းကြီးကိုရွက်ဆောင်နိုင်သော အရပ်အားဖြင့်တဆယ့်ငါးတောင်၊ အလျားအားဖြင့် အတောင်နှစ်ဆယ်ယှိသော နာဠာဂီရိဆင်နှင့်တကွ၊ ဝလာဟက မြင်းတို့ကိုသည်းကောင်း၊ မင်းကြီး၌ မပြတ်စောင့်ရှောက်စေခြင်းငှာ နတ်သူရဲဘကျိပ်ခုနှစ်ယောက်တို့ကိုလည်းကောင်း၊ သံတမန်စေခြင်း၌ လိမ္မာသော ဘုန်းပညာအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အမတ်ငနီပါး၊ ငရဲကျား၊ ပဥ္စင်းဖြူ၊ ပဥ္စင်းညိုတို့ကိုလည်းကောင်း၊ အတွင်းပင်လယ်၊ အပြင်ပင်လယ်တို့ကိုလည်းကောင်း၊ ဒွတ္တပေါင်မင်းကြီးအား သိကြားမင်း ဆောင်နှင်းပေ၏။ ဒွတ္တပေါင်မင်းကြီးသည်လည်း ဘုန်းကြီးသောမင်းဖြစ်၍၊ နင်းတိုင်းနင်းတိုင်း မြေကြီးတို့သည် ကျွံနစ်ကုန်၏ သိကြားမင်းသည်လည်း မိမိ၏ဘန်းခိုးအာနုဘော်အားဖြင့် လှမ်းတိုင်းလှမ်းတိုင်းသောအခါ၌၊ သံမှိုခံစေ၏၊ ဇမ္ဗူဒိပါကျွန်းမှစ၍ အသူရာပြည်၊ နဂါးပြည်တိုင်အောင် လက်နက်နိုင်ငံဖြစ်၍ အခွန်ခံသောဟူ၏။

အခွန်ခံသောအကြောင်းကား၊ အထူးထူးသောမှာစာတို့ကို ရေးစေပြီးသော် လှံပျံတွင်ဆွဲပြီးမှ၊ လှံထိုးဘောင်သို့တက်ဘော်မူ၍ မင်းကြီးလက်တော်ဖြင့် ထိုးသည့်ယှိသော် ဆိုခဲ့ပြီးသောမင်းတို့၏ ဥက္ကောင်းနိုက်ကျအံ့သကဲ့သို့ တည်လေ၏။ ထိုအခါ ထိုထိုသောမင်းတို့သည်လည်း သာယာချင်သောစကားဖြင့် ယေရိသေစွာဘောင်းပန်၍ အထူးထူးသော ပူဇော်သက္ကာရတို့ကိုပ်ှမှ လှံပျံသွားသောဟူ၏။ ခေါင်းလောင်းကြီး စည်ကြီးတို့ဖြင့် အခွန်ခံသောအခါလည်း၊ ဤကဲ့သို့ တချက်ဘီးသည်ယှိသော် ဆိုဆိုသောလူမင်း နဂါးမင်းတို့နားရင်း၌ တီးဘိသကဲ့သို့ ထိုအသံတို့သည် တည်လေ၏။ ထိုအခါ ထိုထိုသို့သောမင်းတို့သည် ရိုသေယမ်းသောစကားဖြင့် ဘောင်းပန်သည်ဖြစ်မှ အသံစဲသောဟူ၏။

ထိုသို့အခွန်ခံသောအခါ၊ ဇမ္ဗူဒိပ်မြေအပြင်ဝယ်ယှိသော တခြားသောမင်းတို့သည် သမီးကညာရဘနာအစယှိသော ဆင်ရဘနာ မြင်းရာနာတို့ကိုလည်ကောင်း၊ ပဒ္မမြားအစယှိသော ရွှေငွေရတနာတို့ကိုလည်းကောင်း သားမွေးဖြင့်ပြီ သောပုဆိုး၊ ပိုးချည်ဖြင့်ပြီးသောပုဆိုး ကြာချည်ဖြင့်ပြီးသောပုဆိုး ဝါချည်ဖြင့်ပြီးသောပုဆိုးတို့ကိုလည်းကောင်း နှစ်တိုင်းနှစ်တိုင်းလျှင် ဆက်လာရကုန်၏။

ထိုမင်းလက်ထက် ဆင်ဖြူသုံးရာ့ခြောက်ဆယ်၊ ဆင်မည်းသုံးကုဋေခြောက်သန်း စစ်သည်သူရဲအပေါင်းတခေါဘဏီယှိသောဟူ၏။

ဘုရားသခင်တပည့်သားတော် ရဟန္တာမြတ် သုံးထောင်အားလည်း နေ့တိုင်းမပြတ်လျှင် ပစ္စည်းလေးပါးထောက်ပံ့၍ ဆရာပြုတော်မူ၏။

ခပ်သိမ်းသောပြည်သူဘကာအပေါင် တို့ ကိုးကွယ်စိမ့်သောငှါ၊ ဘုရားရှင်သာရီရိကဓါတ်ဘော်ကို စေတီပုထိုးတည်တော်မူသည်။ ထိုစေတီတို့အမည်ကား **သောကြမ္မာဘူသော** ကောင်းမှုတော်ဘဆူ၊ **ညည်းညည်း** ဟူ

သော ကောင်းမှုတော်တဆူ၊ **စည်စည်** ဟူသော ကောင်းမှုတော်ဘဆူ၊ **ပေါပေါ** ဟူသော ကောင်းမှုတော်တဆူ **လျှောလျှော** ဟူသော ကောင်းမှုတော်တဆူ၊ **မြသိတင်** ဟူသော ကောင်းမှုတော်တဆူ၊ **ဘုရားတောင်** ဟူသော ကောင်းမှုတော်တဆူ၊ **ဆုတောင်းပြည့်** ဟူသော ကောင်းမှုတော်နှစ်ဆူ၊ ထိုမှတပါးလည်း ဖုရားရှင်လက်ရုံးတော် ဓါတ်ကို ဌာပနာပြု၍ မြင်ဗါဟု ဟူသော ကောင်းမှုတော်တဆူ၊ ဘုရားရှင် နဖူးသင်းကျစ်တော် ဓါတ်တော်တို့ကို ကမ်းယံပြည်မှယူ၍တည်သည်ဟူသော ပုထိုးကြီး ဘဆူပေါင်း တဆယ့်တဆူဘည်း။

ထိုမင်းလက်ထက်တော်၌ ဖုရားရှင်သာသနာတော်ကား ထင်ရှားစွာဖြစ်၏။ ထိုမင်းကား နောင်လာလတ္တံ့သော မင်းတို့မှတ်သားစိမ့်သောငှါ၊ ရဟန္တာသုံးထောင်နှင့်တိုင်ပင်တော်မူ၍၊ ပေါ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှါ၊ အပါယဂတိခုပါယံ၊ အစချီသောဓမ္မသတ်ကျမ်းပြုတော်မူ၏။ ထိုသို့ ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသော ဒွတ္တပေါင် မင်းကြီးသည် တရံသောအခါ မှန့်သည်မဘယောက်သည်၊ ဆရာရဟန်းအား လှူသောကျောင်းဝတ်မြေလယ်ငါးပယ်မျှကိုသိမ်းယူတော်မူမိချေသောကြောင့် သိကြားမင်းပေးသော လှံပုံသည် လည်း စေ၍မသွားပဲယို၏။ ခေါင်းလောင်းကြီး စည်ကြီးတို့သည်လည်း တီး၍မမြည်ရှိ၏။ ထိုသို့ယိုသောအခါ၊ မင်းကြီးသည် ရဟန္တာမြတ်တို့အား၊ ထိုအကြောင်းကို နားတော်လျှောက်၏။ ရဟန္တာမြတ်တို့လည်း ညာဏ်ဖြင့် ဆင်ခြင်တော်မူသည်ယှိသော်၊ မှန့်သည်မငယ်သည် ဆရာရဟန်းအား လှူသော ကျောင်းဝတ်မြေလယ် ငါးပယ်ကို သိမ်းယူတော်မူသောကြောင့်ဖြစ်သည် အကြောင်းကိုမြင်တော်မူလေ၏။ ရဟန္တာမြတ်တို့လည်းမင်းကြီးသည်၊ မအပ်သောဝတ္ထုပစ္စည်းတို့ကိုသိမ်းယူတော်မူမိချေသောကြောင့် ဤအကြောင်းတို့သည်ဖြစ်ချေသည်ဟုမိန့်တော်မူကုန်၏။ မင်းကြီးလည်းထိုလယ်ငါးပယ်ကို မှန့်သည်မဆရာအား လှူတော်မူလေ၏။ ထိုသို့လှူတော်မူသော်လည်း မတင့်မအပ်မသန့်မရှင်းသောဝတ္ထုကို သိမ်းတော်မူမိချေသောကြောင့်၊ လှံပုံအစယှိသော ခေါင်းလောင်းကြီး စည်ကြီးတို့သည် စေ၍မသွားယှိဘိ၏။ ထိုသို့စေ၍မသွားယှိသော်၊ ထိုသို့သော မင်းတို့ဆက်မြဲသော အခွန်တို့ သည် မရောက်သည်ဖြစ်၍ ကြီးစွာသောအမျက်တော်သည်ဖြစ်၏။

တရံသောအခါ။ ပဍ္ဍင်းဖြူ။ ပဍ္ဍင်းညို တို့ကိုခေါ်တော်မူ၍။ ဟယ်အမတ်တို့ ငါ၏နိုင်ငံတော်ဖြစ်သော ဇမ္ဗူဒီပါ ကျွန်းနှိုက်ယှိကုန်သော မင်းတို့သည်။ ဆက်မြဲဖြစ်သော အခွန်ဘဏ္ဍာကိုမဆက်။ အမတ်တို့သွား၍ အခွန်ကို တောင်းချေဟုစေတော်မူ၏။ ပဍ္ဍင်းဖြူ၊ ပဍ္ဍင်းညို တို့လည်း အလုံးအရင်းအများနှင့်၊ ခုနစ်နှစ်တိုင်တိုင် အခွန်ခံ၍ ဆက်၏။ မင်းကြီးလည်း ပဍ္ဍင်းဖြူ၊ ပဍ္ဍင်းညို တို့ကို ရှည်လတ်သော်၊ ယုံကြည်တော်မမူ၍၊ ဥပါယ်တမည်ဖြင့် ကွပ်မျက်တော်မူဘိ၏။ ထိုသို့ပဍ္ဍင်းဖြူ၊ ပဍ္ဍင်းညို တို့ကို ကွပ်မျက်တော်မူလျှင်။ ဘုန်းလက်ရုံးအာဏာနှင့် အခွန်တောင်း မည့်သူမယှိသည်ဖြစ်၍။ မင်းကြီးကိုယ်တိုင်တော် နဂါးမှဆက်လာသောနဂါးကြေးလှေကိုစီးတော်မူ၍။ ဇမ္ဗူဒီပါ ကျွန်းအလုံးကိုအခွန်ခံတော်မူ၏။

တရံသောအခါ။ ပန်ထွာပြည်သို့ ရောက်တော်မူလေ၏။ ပန်ထွာမိဖုရားလည်း မကောင်းသောနှလုံးဖြင့် မကောင်းပုဆိုးကိုယူစေ၍ အထူးထူးသော စီရင်ခြင်းဖြင့် နူးညံ့သိမ်မွေ့စွာလက်သုတ်ပုဝါကို စီရင်ပြီးသော် မင်း ကြီးအားဆက်လေ၏။ မင်းကြီးလည်း မစူးမစမ်းမဆင်မခြင်ယုံကြည်တော်မူ၍၊ ထိုလက်သုတ်ပုဝါဖြင့် မျက်နှာ တော်ကိုသုံးသပ်တော်မူမိချေ၏။ ထိုအခါ၊ မင်းကြီးနဖူးတော်၌ မွဲရှင်သည်ကွယ်ခဲ့၏။ ထိုမွဲရှင်ကွယ်ခဲ့သည်ယှိသော် နဂါးမင်းသမီးဘော် ဘောစန္ဒီလည်း သွားခဲ့၏။ မင်းကြီးလည်း နှလုံးမသာ ယှိဘော်မူသော် နေပြည်ဘော်သို့ ပြန်ဘော်မူခဲ့၏။

ထိုအခါ မင်းကြီးသည် ထွေးခံ၌ ထွေးမြဲ တံတွေးကို ထွေးဘော်မမူ။ မဟာသမုဒ္ဒရာ၌ ထွေးဘော်မူမိ လေ၏။ ထိုသို့မင်းကြီးပြုဘော်မူဘူးသော ကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်သည် ဖြစ်၍ နဂါးတို့သည် အမျက်ခြောင်းခြောင်းထွက်ကုန်သည်ဖြစ်၍ နဂါးကြေးလှေနှင့်တကွ နဂါးပြည်သို့ ဆောင်ယူလေကုန်၏၊ ဒွတ္တ ပေါင် မင်းကြီးကား အိမ်နိမ့်သုံးဆယ့်ငါး။ စည်းစိမ်ခုနစ်ဆယ်၊ သက်တော်ဘရင့်ငါးနှစ် သာသနာတော်နှစ် တရာ့ခုနစ်ဆယ့်တခုရောက်သောအခါ၊ နဂါးတို့ဆောင်ယူလေ၏။

ဒွတ္တပေါင်မင်းနတ်ရွာစံပြီးနောက်၊ ၎င်း၏သားတော်ဒွတ္တရန်မင်းဖြစ်၏။ ဒွတ္တရန်မင်းမှအစ၊ သုပညာနဂရ ဆိန္နမင်းလက်ထက်တိုင် သရေခေတ္တရာ မင်းတို့မှာ ၂၄–ဆက်၊ ဒွတ္တပေါင်မင်းနှင့်တကွသော် ၂၅–ဆက်ယှိ၏။ ၎င်းမင်းတို့အမည်များနှင့် နန်းစံနှစ်တို့မှာ အောက်ပါအတိုင်းဖြစ်၏။

| နံပါတ် | မင်းအမည် | နန်းစံနှစ် | အကြောင်းအရာ |
|---|---|---|---|
| ၁ | ဗိဿုပေါင် | ၇၀ | |
| ၂ | ဗိဿုရန် | ၂၂ | |
| ၃ | ရန်ပေါင် | ၅၀ | |
| ၄ | ရန်မန် | ၅၀ | |
| ၅ | ရကွန် | ၃၁ | |
| ၆ | ခန်းလောင်း | ၃၈ | |
| ၇ | လက်ခိုင် | ၃၄ | |
| ၈ | သီရိခန် | ၂၈ | |
| ၉ | သီရိချာဇ် | ၉ | |
| ၁၀ | တေပါး | ၅ | ကြက်ခေါင်းစား တေပါးမင်း၊ ထိုမင်းကား ဗိဿုပေါင် မင်းရိုးမဟုတ်၊ တပါးကမင်းဖြစ်သောကြောင့်၊ တေပါးဟူ၍ နောက်မှ တွင်၏။ |
| ၁၁ | ပါပိရန် | ၆၆ | |
| ၁၂ | ရန်မုကွ | ၁၅ | |
| ၁၃ | ရန်သိခ် | ၃ | |
| ၁၄ | ရန်မုဋ္ဌလိန္ဒ | ၁၅ | |
| ၁၅ | ဘောရိန္ဒ | ၁၂ | |
| ၁၆ | မုဋ္ဌလ | ၅ | |
| ၁၇ | ပုဏ္ဏ | ၃ | |
| ၁၈ | သာခ | ၃ | |
| ၁၉ | သာသိ | ၃ | |
| ၂၀ | ကန္ဒု | ၁ | |
| ၂၁ | ကန်တက် | ၃ | |
| ၂၂ | ဘိဇ္ဇ | ၄ | |
| ၂၃ | သုမုန္ဒရိ | ၇ | ထိုမင်းနန်းတက်သောနှစ်ကား သာသနာတော်နှစ် ၆၁၇–ခုဖြစ်၏၊ ၎င်းမင်း လွန်တော်မူသောနှစ်၌၊ သာသနာတော်နှစ် ၆၂၄–ခုဖြစ်၏၊ ထိုကို ဖြိုကိန်းရောက်လတ်သော်၊ လောကနန္ဒာ ကျောက်စကားအရပ်၌ သိကြား နတ်မင်းသည်၊ မဟာလွက ပုဏ္ဏားအယောင်ဖြင့်၊ ¡ဒေါဒေါရသ–၆၂၂–ကိုဖြို၍ အတိုး သက္ကရာဇ်၊ နှစ်၊ဟုကျောက်ထက်တွက်ပေးခဲ့၏။ဟုဆိုသည်။ |
| ၂၄ | အတိတြာ | ၃ | |
| ၂၅ | သုပညာနဂရဆိန္ဒ | ၁၁ | ထိုမင်း လက်ထက် သရေခေတ္တရာ ပြည်ကြီးပျက်၍ မင်းဆက်ပြတ်လေသည်။ |

( ၅ )

## သရေခေတ္တရာပြည် ပျက်ရခြင်းအကြောင်းရင်း။

သုပညာနဂရဆိန္နမင်းလက်ထက်သို့ ရောက်သောအခါ၊ သရေခေတ္တရာပြည်ကြီးပျက်၍ ပျူ၊ ကမ်းယံ၊ သက်တို့သုံးစုကွဲလေ၏။ ပြည်ကြီးပျက်ရသည့် အကြောင်းမှာ၊ တခုံရောအခါ၊ ကမ်းယံပြည် သောင်းကျန်းလေသည်ကို စစ်အင်္ဂါလေးပါးနှင့်တကွ၊ မင်းကြီး လုပ်ကြံတော်မူမည်ဟူ၍ချီတော်မူလေ၏။ ကမ်းယံပြည်ကို အောင်တော်မူလျှင်၊ ထိုပြည်ဘွင် မဇ္ဈိမပူရိသအဘောင်နှင့် ၄စ်ဆယ့်ရှစ်တောင်၊ ရွှေဆင်းတု ဘုရားကို မြင်တော်မူလေသော်၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့ရသကဲ့သို့ အလွန်သဒ္ဓါတော် မူသည်ဖြစ်၍၊ ညနံနက်မပြတ် ဝတ်ပြုတော်မူ၏။ ထိုသို့ခရွှဒိဿာကုဒ္ဒေဆယ်ရာမကသော၊ အရိမေတ္တေယျ ဘုရားရှင်နှင့် သဏ္ဍာန်တော်တူသော ရုပ်တုတော်နှိုက် သုံးနှစ်တိုင်တိုင်ခွာ၍ မသွားရက်သောအားဖြင့် နေတော်မူ၏။ မှူးတော်မတ်တော်တို့သည်း ဘုန်းကြီးသောအရှင် ဆင်မြင်း ဗိုလ်ပါ ညှောင်းညာကြပြီ။ နေပြည်တော်သို့ အလျင် ပြန်တော်မူလော့ဟု နားတော်လျှောက်ကြလေ၏။ မင်းကြီးလည်းဤသို့မိန့်တော်မူ၏။ ငါသည် သဗ္ဗညု ဘုရားရှင် ရုပ်တုတော်ကိုခွာ၍ သွားအံ့သော၄ါမတတ်နိုင်။ ဤဘုရားရှင်ရုပ်တုတော်ကိုရတနာဖောင်ကြီးစွာ စီရင်၍ ဖောင်ထက်တင်ပြီးသော်၊ နဂါးရစ်တောင်ကိုလှည့်၍၊ မဟာသမုဒ္ဒရာဖြင့်သရေခေတ္တရာနေပြည်တော်သို့ဆောင်ယူမည်ဟူ၍ မိန့်တော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း မင်းကြီးသည်မဖြစ်နိုင်ရာသောအကြံတော်ကိုကြံဘိသည်။ ဤသို့ကြံတော်မူသည်ယိုသော်၊ ငါတို့သားမယားတို့ကို မတွေ့မမြင်ရပြီဟု နှလုံးမကြည် ယိုကြ၏။ အမတ်ဗိုလ်ပါတို့လည်း၊ တိုင်ပင်ကြ၍၊ ဘုရားရှင်ရုပ်တုတော်အောက်၌၊ ဥမင်တူးလေ၏။ ရုပ်တုတော်သည်လည်း ရွှေအတိသွန်းဖြစ်၍၊ လေးသောကြောင့် လည်းတော်မူလေ၏။ မင်းကြီးလည်း ဘုရားရှင်ရုပ်တုတော် လည်းသည်ကိုမြင်တော်မူလျှင် အမတ်တို့ အဘယ့်ကြောင့် ဘုရားရှင်ရုပ်တုတော်လည်းဘိသနည်းဟု မေးတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း ဆရာတော်ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု နားတော်လျှောက်ပေ၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာယို၍၊ ခပ်မဆိတ်နေတော်မူလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ထင်းတယောက် တချောင်း မီးသွေးတဆုပ် ထည့်ကြ၍ မီးတိုက်လေ၏။ ထိုသို့ တိုက်လေသော အဖြစ်ကို မင်းကြီးမြင်တော်မူလျှင် ဤသို့ မေးတော်မူပြန်၏။ အမတ်တို့ အဘယ့်ကြောင့် ဘုရားရုပ်တုတော်ကို မီးတိုက်ဘိသနည်းဟု မိန့်တော်မူ၏။ အမတ်တို့သည်း ဘုရားရှင်ပရိနိဗ္ဗာန်ဝင်တော်မူ၍ နတ်တို့သင်္ဂြိုဟ်လေသည်။ နားတော်လျှောက်ကုန်၏။ မင်းကြီးလည်း မဟုတ်သော စကားကို လျှောက်သည်ဟု နှလုံးမသာဖြစ်၍ ဆိတ်ဆိတ် နေတော်မူ၏။ အမတ်ဗိုလ်ပါတို့လည်း မင်းကြီးအားအမျက်ထွက်လတ္တံ့သည်ကို ကြောက်သဖြင့် ထက်ဝယ်တော် တတောင်ပြည့် ယိုသော အဌဝီသ နှစ်ကျိပ် ရှစ်ဆူသော ဖုရားရှင်ရုပ်တုတော်ကိုရွှေစင်အတိသွန်း၍ မင်းကြီးအားဆက်သလေ၏။ ရွှေလျှက်လည်းသွန်းလုပ်၍ ဆက်ကြလေ၏ မှူးမတ်ဗိုလ်ပါတို့သည်း များစွာသယူလေကုန်၏။ မင်းကြီးလည်း သရေခေတ္တရာနေပြည်တော်သို့ ပြန်တော်မူလေ၏။ ထိုဥစ္စာတို့ကိုပြည်သူတို့ သုံးစွဲသောအခါ သူမြတ်ခုနစ်ယောက်တည်သောပြည်မြတ်သည် စနောင်စနင်ယို့သည်ဖြစ်၍ လုစားယက်စား ခိုးသားထားပြ ထုထပ်သောအားဖြင့် ကွပ်ညှပ်မနိုင်ယို့ခဲ့၏။

ထိုအခါ လေပွေ ကြီးလာ၍ စကောလွင့်သည်ကို စကောရှင်မိန်းမသည် ငါ့စကော ငါ့စကောဟူ၍ လိုက်လေသည်ကိုအစပြု၍ စကော စစ်သူကြီးလာသည်ဟူ၍ တပြည်လုံးထိတ်လန့်သောအားဖြင့် ထိုပြည်နှိုက် နေကုန်သောသူတို့သည် သုံးစုကွဲ၏။ မင်းကြီးလည်း ထိုအခါ နာတော်မူ၍ အိမ်နိမ့်တဆယ့်ခုနစ်နှင်၊ စည်းစိမ်တဆယ့်တနှစ် သက်တော်နှစ်ဆယ့်ရှစ်နှစ်သော် အနိစ္စ ရောက်တော်မူ၏။

မင်းကြီးသည် သက္ကရာဇ်တို ငါးခုဘွင် မင်းဖြစ်တော်မူ၏။ ထိုမင်း လက်ထက် သရေခေတ္တရာပြည်ကြီး မင်းဆက်ပြတ်လေသည်ကိုစွဲ၍ နှောင်းမှ နဂရဆိန္နဟုတွင်၏။

ကမ်းယံဆိုသည်ကား သံတွဲမှစ၍ ဘောင်စဉ်ခုနစ်ခရိုင်၌ နေသောသူတို့ကို ဆိုသတည်း။

ဤသို့အားဖြင့် မှန်နန်းမဟာရာဇဝင်တော်ကြီး၌လာယို့ရာ၊ သရေခေတ္တရာဆိုသည်မှာ ပျူတို့ပြည်ဖြစ်၏။ တကောင်းမင်းယောက်ဖတော် ရှင်ရသေ့ သီတင်းသုံးသည်ကို အကြောင်းပြု၍ ရသေ့ပြည်ဟု နောက်မှတွင်၏။ ရသေ့ကြီး၏ တူတော်များ ဖြစ်ကြသော မဟာသမ္ဘဝ၊ စူဠသမ္ဘဝ မင်းနှစ်ပါးကို အကြောင်းပြု၍လည်း တကောင်းဆက်ဖြစ်၏။

## ပုဂံပြည်ကျန်စစ်သားမင်း၏ကျောက်စာများတွင် သရေခေတ္တရာပြည်အကြောင်းနှင့်စပ်လျဉ်း၍ပါယှိသောအချက်အလက်များ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မှန်နန်း မဟာရာဇဝင်တော်ကြီး၌၊ သရေခေတ္တရာမြို့တည် နန်းတည် အကြောင်းနှင့်စပ်လျဉ်း၍၊ ဂဝံပတေ့၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွရာ၊ ဤသူမြတ်ခုနစ်ယောက်တို့သည်၊ ဖုရားသခင်ဗျာဒိတ်တော်အတိုင်း၊ သရေခေတ္တရာမြို့ကို စတင် တည်ထောင်ကြောင်း၊ ထိုသို့မြို့၏ကိရိယာ၊ နန်း၏ ကိရိယာ အပြည့်အစုံပြီးပြေလျှင်၊ ဒွတ္တပေါင်မင်းကြီးအား သိကြားမင်းသည် လက်ဆောင် မလျက် ရွှေနန်းတင်ဆောင်မူ၍၊ ရာဇာဘိသေက ခံတော်မူကြောင်းပါယှိရာ၊ ထိုမြို့တည် နန်းတည်စာတမ်း၌၊ ကျန်စစ်သားမင်းကြီး၏ကျောက်စာတို့တွင်မူ ဤမျိုးတဖုံပါယှိ၏။ ပါယှိပုံမှာ၊ တရံရောအခါ ဖုရားသခင်သည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ လာလတ္တံ့သောနောင်အခါ၌၊ ဖုရားပရိနိဗ္ဗာန် ပြီးနောက်၊ အနှစ် တထောင့်ခြောက်ရာသုံးဆယ့်နှစ် (အချို့ကျောက်စာ၌အနှစ်တထောင့်ခြောက်ရာနှစ်နှစ်ပါယှိ၏) လွန်မြောက်သော အခါ၊ အရိမဒ္ဒနပုရပြည်၌ ဖုရားရှင်သာသနာတော်ထွန်းကား ချီးပင့်မည့်မင်းဖြစ်ပေါ်လိမ့်မည့်အကြောင်း၊ ထိုမင်းသည် အခြားမဟုတ် ဂြိတြိဘုဝနာဒိတျဓမ္မရာဇာမင်း (ကျန်စစ်သားမင်း) အမည်နှင့်မင်းဖြစ်ပေါ်မည်အကြောင်းကိုမြင်တော်မူ၍၊ ဖုရားသခင်သည်ပြုံးတော်မူ၏။

ထိုသို့ပြုံးတော်မူသောအခါ၊ မဖြစ်မြဲသော အံ့သြဘွယ်တို့ ဖြစ်ခြင်းကို၊ ရှင်အာနန္ဒာသည် မြင်တော်မူ၍၊ အကြောင်းကိုလျှောက်ထားမေးမြန်းသော်၊ ဖုရားသခင်သည်အာနန္ဒာအား ဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ နောင်အခါ၌၊ ဗိဿနိုး အမည်ယှိသော၊ တန်ခိုးဣဒ္ဓိပါဒ်ကြီး၍ အဘိညာဉ်ငါးပါးနှင့်ပြည့်စုံသော ရသေ့တပါးသည်၊ ငါ့သား ဂဝံပတိ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ နဂါးမင်းတို့နှင့်တကွ၊ သိသီတ်မြို့ကိုတည်ဆောက်လတ္တံ့၊ ထိုအခြင်းအရာသည်၊ ငါပရိနိဗ္ဗာန်ပြုသည့်နှစ်တွင်ဖြစ်ပေါ်လတ္တံ့၊ ထိုမြို့သည်နှစ်ပေါင်း တထောင့်နှစ်ရာတည်လတ္တံ့၊ ဗိဿနိုးသည် သိသီတ်မြို့တွင်မင်းဖြစ်၍ အသက်အတိုင်းနေပြီးလျှင် ဗြဟ္မာဘုံ၌ဖြစ်လတ္တံ့၊ ငါ၏ သာသနာတော်နှစ် တထောင့်ခြောက်ရာသုံးဆယ့်နှစ်ယှိသောအခါ ဗိဿနိုးသည် ဗြဟ္မာဘုံမှ စုတေ၍ အရိမဒ္ဒနပုရမည်သော ပုဂံပြည်၌၊ ဂြိတြိဘုဝနာဒိတျဓမ္မရာဇာအမည်နှင့်မင်းဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူ၏။

သိသီတ်ဆိုသောမြို့၏အမည်ကို ပုဂံရွှေစည်းခုံဖုရားကြီးကုန်းတော်ပေါ်ယှိ ကျန်စစ်သားမင်း၏ကျောက်စာ၌ တွေ့ရ၏၊ ယင်းကို ကျန်စစ်သားမင်း၏ ပုဂံတူ့ချင်းတောင်ခြေရင်း၌ယှိသောမြကန်မွန်ကျောက်စာ၌ "ဂြိက္ခတ်"ဟု ရေးသားခေါ်ဆိုလျက်ပါယှိ၏။ ယင်းကို ရွှေဆံတော်ဖုရား ခြေတော်ရင်း၌ တွေ့ရှိရသော ကျန်စစ်သားမင်း၏ မွန်ကျောက်စာတွင် "ဂြိခေ္တြာ" ဟု ရေးမှတ် ခေါ်ဆိုလျက်ပါ၏၊ ထို့ကြောင့် "သိသီတ်။ဂြိက္ခတ်။ဂြိခေ္တြာ" တို့သည် "သရေခေတ္တရာပြည်"၏ အမည်ချည်းဖြစ်ကြောင်းကိုသိရ၏။ ပြည်ရွှေဆံတော်ဖုရား၏ ခြေရင်း၌ တွေ့ယှိရသောကျောက်စာကို ရေးထိုးသောနှစ်မှာ ဂေါစာသကရာဇ် ၄၅၅ ခုနှစ်ဖြစ်သည်ဟုတွေ့ယှိရ၏။

ဤသို့အားဖြင့်၊ မှန်နန် မဟာရာဇဝင်တော်သွက် စကားရပ်များနှင့် ကျန်စစ်မင်း၏ မွန်ကျောက်စာများ ထက်စကားရပ်များကို ချင့်ချိန်နှိုင်းယှဉ်ကြည့်လိုက်သော်၊ မှန်နန်းအလိုအားဖြင့် သရေခေတ္တရာမြို့ကို ပဌမတည် ထောင်သောမင်းမှာ ဒွတ္တပေါင်မင်း ဖြစ်၏။ တည်ထောင်သောနှစ်မှာ သာသနာနှစ် တရာ့တခုနှစ် ဖြစ်၏၊ မြို့တည်နန်းတည်ရာ၌ ကူညီစောင့်ရှောက်သောသူမြတ်တို့မှာ ခုနစ်ယောက်ဖြစ်၏။ ၎င်းတို့မှာ ဂဝံပတေ့၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွရာတို့ဖြစ်ကြ၏၊ တကောင်းမင်း ယောက်ဖတော် ရှင်ရသေ့ သီတင်းသုံးသည်ကိုအကြောင်းပြု၍ သရေခေတ္တရာမြို့ကို ရသေ့ပြည်ဟု နောက်မှတွင်၏၊ မြို့၏အသက်မှာ သာသနာနှစ် ၁၀၁ ခုနှစ်မှ ၆၁၃ ခုနှစ်အထိ၊ နှစ်ပေါင်း ၅၁၀ ဖြစ်၏။

ကျန်စစ်သားမင်း၏ ကျောက်စာအလိုအားဖြင့် သရေခေတ္တရာမြို့ကို ပထမ တည်ထောင်စပြုသော မင်းမှာ ဗိဿနိုးရသေ့ကြီးဖြစ်၏၊ တည်ထောင်သောနှစ်မှာ မြတ်စွာဖုရား ပရိနိဗ္ဗာန် စံယူတော်မူသောနှစ် သာသနာနှစ်

၁-ဖြစ်၍၊ ရသေ့ကြီးကို ကူညီစောင့်ရှောက်ကြသော သူမြတ်တို့မှာ ၄-ယောက်ဖြစ်၍၊ ၎င်းတို့မှာ ဂဝံပတေ့ သိကြားနတ်မင်း၊ ဝိသကြိုနတ်သား၊ နဂါးမင်းတို့ ဖြစ်ကြ၍၊ မြို့၏အသက်မှာ နှစ်ပေါင်း တထောင်နှစ်ရာ ဖြစ်၍။

၍ကဲ့သို့ မှန်နန်းရာဇဝင်တော်အွက်နှင့် ကျန်စစ်သားမင်း၏ ကျောက်စာထွက်တို့မှာ ကွဲပြားကြသော်လည်း ထူးခြားမှတ်သားဖွယ်ကောင်းသော အချက်တချက်မှာ ၎င်းတို့တူညီချက်တချက်ဖြစ်၍၊ ထိုတူညီချက်မှာ ကျန်စစ်သားမင်း လက်ထက်ကပင် (ဂေါစာသကရာဇ် ၄၄၆-၄၇၃ ခုနှစ် အတွင်း) မြန်မာပြည်တွင် သရေခေတ္တရာမြို့သည် အတော်ပင် ရှေးကျသော မြို့ဖြစ်ကြောင်းကို သက်သေခံလျက် ယိုကြ၍၊ ထို့ပြင်ဘချက်မှာ သရေခေတ္တရာမြို့သည် ကျန်စစ်သားမင်းမတိုင်မီကပင် ပျက်လျက်ရှိကြောင်းကို သိရှိမှတ်သားရာ၍။

## သုတေသီဆရာကြီးတို့ထင်မြင်ချက်

ထိုကဲ့သို့သောအခြင်းအရာကိုပြသော အခြားထောက်ခံချက်တို့မှာ အများပင်ယှိ၍၊ သို့သော် အထက်ဖေါ်ပြပါ ရာဇဝင်လာနှင့် ကျောက်စာထွက်အခြားစကားရပ်တို့တွင် ဒဏ္ဍာရီပုံပြင်ဝတ္ထုဆန်သော စကားရပ်များ အများပင်ပါယှိသည်ဟု ယခုခေတ် ပညာယှိ သုခမိန်ကြီးတို့က ဆိုကြ၍။

ရှေးအခါက သရေခေတ္တရာမြို့တွင်နေထိုင်ကြသော လူမျိုးတို့မှာ ပျူ၊ ကမ်းယံ၊ သက်တို့ ဖြစ်သည်ဟု ရာဇဝင်အစောင်စောင်တွင် ပါယှိ၍။ ၎င်းတို့တွင် ပျူတို့သည် အထင်ရှားဆုံးသော လူမျိုး ဖြစ်ကြ၍။ ထို ပျူတို့၏ အကြောင်းနှင့်စပ်လျဉ်း၍ ပညာယှိသုတေသီကြီးများ ရှာဖွေစုဆောင်း ရေးမှတ်ထားခဲ့သော စာရွက်စာတမ်းများမှာ မနည်းလှချေ။ အများပြည်သူတို့ လွယ်လင့်တကူ ကောက်ယူဖတ်ရှုနိုင်ကြရစေခြင်းငှါ၊ ၎င်းစာရွက်စာတမ်းတို့တွင် ပါယှိသော အချက်တို့ကို တနေရာဘည်းတွင်စု၍ အင်္ဂလိပ်ဘာသာဖြင့် (The Ancient Pyu) ဟု စာခေါင်းကပ်လျက်၊ မြန်မာနိုင်ငံ သုတေသန အသင်းမှ ၁၉၆၀-ခုနှစ် အတွင်း ထုတ်ဝေဖြန့်ချီသော (Fiftieth Anniversry Publication No. 2) စာမျက်နှာနံပါတ် ၁၀၇-၁၂၁ တွင် ပျူတို့၏ အကြောင်းကို စုဆောင်းရေးသားလျက်ပါရှိသည်၊ ၎င်းကို စုဆောင်းရေးသားသူမှာ အခြားပုဂ္ဂိုလ်မဟုတ်၊ မြန်မာပြည်၌ နှစ်ပေါင်းများစွာနေထိုင်၍ နာမည်ကျော်ကြားလျက်ယှိသော ဆရာကြီး ဒေါက်တာဂျီ၊ အိတ် (ချ) လု (စ) ပင် ဖြစ်သည်။ ယင်းစာစောင်တွင်ပါသော သက်ဆိုင်ရာ အချက်အလက်တို့ကို သုတေသီတို့အတွက် ချုံး၍ အောက်တွင် မြန်မာဘာသာပြန်ဆို ရေးသားထည့်သွင်းလိုက်ပါသည်။

ခရစ်တော်ပေါ်စလောက်က မြန်မာပြည်အရှေ့ပိုင်းတပိုက်တွင် အိန္ဒူနေရှားလူမျိုးတို့ကြီးစိုးလျက်ယှိကြ၍ ထိုအခါက ထိုလူမျိုးတို့၏ ယဉ်ကျေးမှုသည် တရုပ်ပြည်တောင်ပိုင်းမှ ပျံ့နှံ့လာဟန်တူ၏၊ ၎င်းသည် အာနံပြည်မြောက်ပိုင်း၌သာ၍ထင်ရှား၏၊ မြန်မာပြည်၌လည်း ထိုအခြေအနေအတိုင်းယှိဟန်တူ၏။

သို့သော် အိန္ဒိယလူမျိုးတို့ ရောက်ယှိလာသည်နှင့် တပြိုင်နက် ဘိုနေရာများယှိ အခြေအနေမှာ ရုတ်တရက် တမျိုးတမည် ပြောင်းလဲသွားလေသည်။ အိန္ဒိယလူမျိုးတို့ ရောက်ယှိလာကြသောခေတ်ကို ပြောရလျှင် ခရစ်တော်မပေါ်မီ ၁၀၉ ခုနှစ်တွင် တရုပ်လူမျိုးတို့သည် ယူနံအရှေ့ပိုင်းကို သိမ်းယူ အုပ်စိုးခြင်း မပြုလုပ်မီကပင် တရုပ်ပြည်နှင့်အိန္ဒိယပြည်တို့သည် ကုန်းလမ်းခရီးဖြင့် တပြည်နှင့်တပြည်ရောင်းဝယ်ဖေါက်ကား သွားလာနေထိုင်လျက်ယှိကြ၍၊ ခရစ်တော်နှစ် ၆၉-ခုနှစ်တွင် မြန်မာပြည်နယ်စပ်ယှိ ယွန်ချန်းမြို့ကို တရုပ်ဟန်မင်းတို့ သိမ်းယူအုပ်ချုပ်လျက်ယှိ၍၊ ထို့နောက်များမကြာမီ တောင်ပိုင်း ပင်လယ် ရေကြောင်းလမ်းခရီးဖြင့် သွားလာပေါက်ရောက်လျက်ယှိ၏၊ ထိုခရီးဖြင့်စတင်သွားလာပြုလုပ်ကြသောသူတို့မှာ အိန္ဒူနေရှားလူမျိုးများနှင့် အိန္ဒိယလူမျိုးများဖြစ်ကြ၏၊ **သင်္ဘော** ဆိုသော မြန်မာစကားသည် အိန္ဒိယပင်လယ် မယ်ဒေဂက် (စ) ကား ကျွန်းသူ ကျွန်းသားတို့နှင့် အင်ဒိုနေရှားသားတို့ သုံးလေ့ သုံးထ ယှိသော စကား ဖြစ်၍ ရှေးမာလာယု ကျွန်းသားတို့၏ စကားမှဆင်းသက်လာသောစကားဖြစ်၏၊ ပတိုလီမီ၏ပြောပုံကို ထောက်ရလျှင် ခရစ်တော်နှစ် ၂-ရာစုနှစ်အစ

လောက် မြစ်ဝကျွန်းပေါ်ဒေသတို့၌ နေထိုင်ကြသောသူတို့သည် လူသားစားသော လူမျိုးများ ဖြစ်ဟန်တူ၏။ သို့သော် ထိုခရစ်နှစ်တိုင်ကုန်လောက်၌ တွေ့ရသောအခြေအနေအရဆိုလျှင် အတော်ပင် ပြောင်းလဲ သွားခဲ့ဟန်တူ၏။ တရုပ်ရာဇဝင်ဆရာတို့အလိုအားဖြင့် ဤကဲ့သို့ပြောင်းလဲသွားခဲ့ခြင်းမှာ အိန္ဒိယလူမျိုးများ လာရောက်နေထိုင်ခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။ ခရစ်သက္ကရာဇ် ၃–ရာစုနှစ် စောစောပိုင်းတွင် တရုပ်ဟန် မင်းဆက်ပြတ်လေ၏၊ ထိုအခါမှစ၍ မြန်မာပြည်၌ အိန္ဒိယဩဇာလွှမ်းမိုးလျက်ရှိ၏။ လွှမ်းမိုးပုံမှာ မြန်မာပြည်၏ယဉ်ကျေးမှုအခြေခံဖြစ်သော စာပေအက္ခရာ၊ အနုပညာ၊ အကြံအစည် အယူအဆ၊ ဘာသာတရားတို့မှာ အိန္ဒိယပြည်မှ စတင်ပေါ်ပေါက်လာ၏။ ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအကြောင်းကိုဆွေးနွေးသည့်အခါ ထိုဖေါ်ပြပါအကြောင်းကိုထည့်၍ စဉ်းစားရန်လိုပေသည်။ သို့သော် ထိုစကားရပ်များသည် မြန်မာပြည် ကမ်းရိုးတန်း တလျှောက်နှင့် အတွင်းပိုင်း အနည်းငယ် ကွက်ကွက်ကလေးမျှလောက်နှင့်သာ သက်ဆိုင်၏။

မြန်မာပြည်၌ ဗုဒ္ဓဘာသာပေါ်ထွန်းလာခြင်းအကြောင်းကို တရုပ်ရာဇဝင်တို့တွင် ခရစ်တော်နှစ် ၃-ရာစုနှစ် ပဌမပိုင်းလောက်တွင် စတင်တွေ့ယူရ၏၊ ထိုအခါက လင်းယန်ပြည်၌ ဗုဒ္ဓဘာသာအတော်ပင် ထွန်းကားနေသည်ဟုပါယှိ၏။ ထိုလင်းယန်ပြည်ဆိုသည်မှာ မြန်မာပြည်အလယ်ပိုင်းလောက်ဖြစ်သည်ဟု မှန်းဆရ၏။ သို့သော် ၎င်းပြည် မည်သည့်လူမျိုးများ နေထိုင်ကြသည်ဟု မသိနိုင်ပေ၊ မလေးကျွန်းစွယ်၌မူကား အိန္ဒိယလူမျိုးများ ရောက်ယှိနေ၍ ဗြာဟ္မဏပုဏ္ဏားအယူဝါဒထွန်းကားနေကြောင်းကိုကားသိရ၏။ ထိုနေရာ၌ ထိုအခါက ဗုဒ္ဓဘာသာ ရောက်ယှိလျက်ဖြစ်သည်ဟူ၍လည်းတွေ့ရ၏။ သို့သော် ထွန်းထွန်းကားကား ထင်ထင်ရှားရှား မဟုတ်သေးချေ။ အနည်းငယ်မျှသာဖြစ်၏။

ထို့နောက် မြန်မာပြည်နှင့် နယ်စပ်တကြောင်းကို ဆင်းမင်းတို့အဆက်လောက်တွင် (၂၆၅–၄၂၀၊ အေဒီ) တဖန်ကြားရပြန်သည်၊ ကြားရပုံမှာ အနည်းငယ်ဒဏ္ဍာရီဆန်သည်၊ ၎င်းအတိုင်းဆိုလျှင် မြန်မာပြည်နယ်စပ်ယှိ ယွန်းချန်းမြို့အနောက်တောင်ဖက်၌ နေထိုင်ကြသော လူမျိုးတို့သည် လူဆိုးလူရိုင်းများဖြစ်ကြသည်၊ ၎င်းတို့ကို ပုလူမျိုးဟုခေါ်သည်၊ ၎င်းတို့နေထိုင်ရာဒေသများမှ ကြို့သတ္တဝါဆင်၊ လိပ်ခွံ၊ ကျောက်စိမ်း၊ ပယင်းကျောက်၊ ကြွေအံများ၊ ရွှေ၊ ငွေ၊ ဆား၊ သစ်ကြမ်းပိုး၊ ဝါပင်များ၊ တောင်ပေါ်စပါးများထွက်သည် ကိုယ်၌ထိုးကွင်းများ ထိုးထားသည် မျောက်အရေနှင့်ဗိုင်း၊ လွှား၊ ကာလုပ်သည်၊ လေးနှင့်မြှားသုံးသည် အချို့သည် လူသားစားသူများဖြစ်ကြသည် (ဧည့်သည်များကို အိမ်နီးပါးချင်းယှိ လူအိုလူမင်းများအသားနှင့် ကျွေးမွေးဧည့်ခံလေ့ယှိသည်ဟု ပြောကြသည်)။ အချို့မှာ အဝတ်ဝတ်လေ့မရှိ၊ အမြီးပါသည် ထိုလူမျိုးတို့နေရာဒေသကိုလွန်၍ ယွန်းချန်မြို့ အနောက်တောင် လီမိုင်ပေါင်း ၃၀၀၀ လောက်အကွာတွင် ယဉ်ကျေးသော **ပိယော** လူမျိုးများနေထိုင်ကြသည်ဟုဆိုသည်၊ ထိုလူမျိုးတို့သည် မင်းနှင့်အမတ် အဖေနှင့်သား လူကြီးနှင့်လူငယ်တို့ အတန်းအစားခွဲခြားထားသည်။ ၎င်းတို့ကိုင်ဆောင်သော ဓါးလှံမှာ ရွှေဖြင့်လုပ်သည် ၎င်းတို့တိုင်းပြည်မှထွက်သော ကုန်ပစ္စည်းများမှာ ဝါဖြင့်လုပ်သောအဝတ်ဖြူ၊ ကြွေအံများ၊ လေးညှင်း၊ အမွှေးအထုံအမျိုးမျိုးဖြစ်သည်။

## ပျူ၏အမည်များ။

အထက်တော်ဖေါ်ပြခဲ့သော တရုပ်ခေါ် **ပိယော** လူမျိုးကို မြန်မာတို့က ပျူဟုခေါ်သည်၊ ဂျားဗားကျွန်းသူကျွန်းသားတို့က တူ–လိ–ဆူး ဟုခေါ်သည်။ ကျန်စစ်သား၏ မွန်ကျောက်စာတချပ်တွင် လူသုံးမျိုးအမည်တို့ကို ဖေါ်ပြလျက်ပါယှိရာ တမျိုးမှာ မိရ်မာ၊ တမျိုးမှာ ဗ္ဂေည်၊ တခြားတမျိုးမှာ တိရ်စုလ်ဖြစ်သည်။ မိရ်မာကား မြန်မာတည်း ဗ္ဂေည်ဆိုသည်မှာ မွန်လူမျိုးကိုခေါ်သည် ပုဂံပြည် မြစေတီကျောက်စာ အက္ခရာအရေးအသားဘာသာအရဆိုလျှင် လူမျိုးကြီးသုံးမျိုးယှိ၏ မွန်၊ မြန်မာ၊ ပျူ၊ဖြစ်၏။ ၎င်းသုံးမျိုးအနက် တိရ်စုလ်မှာ ပျူလူမျိုးဖြစ်ရမည်ဟု ယူဆရ၏ ၉၀၂ ခုက ရေးသော ပါရှင်းခမြပုံစာအုပ်တအုပ်၌ မြန်မာပြည်၌ လူမျိုးသုံးဦးနှင့်စပ်ဆိုင်သော အညွှန်းစာများပါရှိသည်၊ ၎င်းသုံးဦးအနက် တဦးမှာ **တုဆုလ်** ဟု ခေါ်ဆိုသည်။

## ပျူနိုင်ငံ။

ပျူတို့အကြောင်းကို ရှေးဟောင်းစာပေကျောက်စာများ၌ အထက်ဟန်လင်းကြီးမှအစ ပြည်မြို့အထိတွေ့ရသည်။ သို့သော် ၎င်းတို့တွင် ရေးထိုးထားသော ဘာသာစကားကိုနားမလည်သဖြင့် မှန်းဆနိုင်ရုံလောက်သာ ယှိသည်။ ကျောက်စာများမှာလည်း အပျက်အစီးသာ များနေသည်။ ၎င်းတို့ကို ပျူတို့နေရာဟု ခေါ်ဆိုရသော ပြည်–မှော်ဇာ သရေခေတ္တရာ နေရာအနှံ့အပြား တွေ့ယှိရသဖြင့် ပျူစာ–ပျူဘာသာဖြင့် ရေးထိုးထားသော ကျောက်စာများဖြစ်သည်ဟု ယူဆခေါ်ဆိုကြရသည်။ ခရစ်တော်နှစ် ၆၄၀–ခုနှစ် ၆၇၅ ခုနှင်လောက်တွင် တရုပ်ရဟန်းကြီး ၂-ဦး ဟူဝန်ဆင်နှင့် အိဆင်တို့မှတ်တမ်းတွင် သရေခေတ္တရာ၏အကြောင်းကို တွေ့ယှိရသည်။ ဒေါက်တာဘလက်ဒင် ဘာသာပြန်ဆိုထားသော ပျူ ကျောက်အရိုးအိုးများတွင် အေ၊ဒီ၊ ၆၇၃–ခုနှစ်မှ ၇၁၀ ခု နှစ်အတွင်း သရေခေတ္တရာမြို့၌ စိုးမိုးအုပ်ချုပ်လျက်ယှိသော မင်းတို့၏အမည်ပါသည် ၎င်းစာတို့အဆိုမှာ။

၁–သူရိယဝိကြမသည် အေဒီ၊ ၆၈၈ ခုနှစ်တွင် နတ်ရွာစံသည်၊ သက်တော် ၆၄ နှစ်။
၂–ဟရိဝိကြမသည် အေ၊ဒီ၊ ၆၉၅ ခုနှစ်တွင် နတ်ရွာစံသည်၊ သက်တော် ၄၁ နှစ်။
၃–သိဟဝိကြမသည် အေ၊ ဒီ၊ ၇၁၈ ခုနှစ်တွင် နတ်ရွာစံသည်၊ သက်တော် ၄၄ နှစ်။

အထက်တွင် ဖေါ်ပြထားသော ခုနှစ်တို့မှာ အမှန်းအဆသာဖြစ်သည်၊ မြန်မာဝေါဟာ ကောဇာခုနှစ်သကရာဇ်ကို အခြေခံပြု၍ တွက်ဆထားသော နှစ်များဖြစ်သည်။

ဝိကြမအမည်ကိုဆောင်လျက် မင်းတို့အပြင် ဝါရိမန်မင်းတို့လည်း ယှိသေး၏။ ထိုဝါရိမန်မင်းတို့၏ အမည်များသည် အရှေ့ဖက်နယ်ဘလွှား၌ အတော်ပင်ထင်ရှားသည်၊ ကျောက်စာများ၌လည်း ပါလေ့ပါထယှိသည်၊ အိန္ဒိယတောင်ပိုင်းမဒရပ်အနီးကန်စီပူရ(ကွန်ဂျီဗာရန်)မှ ပလ္လဝမင်းတို့သြဇာမကင်းဟုထင်ကြသည်။ ၁၉၁၆-ခုနှစ်တွင် သရေခေတ္တရာမြို့တွင်း ခင်ဘားကုန်းမှရရှိသော ငွေဗေါဓိမဏ္ဍိုင်ပလ္လင်ပတ်လည်၌ ဆင်းဘုတော်ရုပ်ကြွပုံလေးဆူအောက်တွင်ပျူအက္ခရာ ပျူဘာသာဖြင့် စာတမ်းတခုထိုးလျက်ပါယှိရာ၊ ထိုစာတမ်းတွင် ကုသိုလ်ရှင်ဗြိပြဘုဝါရိမနှင့် ဗြိပြဘုဒေဝီ အမည်များကို တွေ့ယှိရသည်။

သရေခေတ္တရာ မြို့ဟောင်းတနေရာ ဖိုးဝေါင်ကန်ကုန်းတွင်တွေ့ယှိသော ကျောက်ဆင်းတုဖုရားမဏ္ဍိုင်တော်ကျိုးတဆူ၏စမ္မခဏ်ပတ်လည်တွင် ပျူဘာသာနှင့် သသ်ကြိုဋ်ဘာသာရောစပ်ပြီးရေးထိုး မှတ်သားလျက်ပါယှိရာ၊ ၎င်းစာ၏အဓိပ္ပါယ်အချုပ်မှာ၊ ဇယစန္ဒြဝါရိမန်နှင့်ဟရိဝိကြမ မင်းသား ညီနောင်နှစ်ပါးတို့သည် တနေ့တည်းတွင် မြို့နှစ်မြို့တည်ကြောင်း၊ ၎င်းတို့သည် တဦးနှင့်ဘဦး ဂုဟဒိပအမည်ယှိသော ရဟန်းကြီး၏ အဆုံးအမသြဝါဒကိုခံ၍ ချစ်ခင်ရင်းနှီးစွာနေထိုင်ကြကြောင်းဖြစ်သည်။ သို့သော် ၎င်းမြို့များ၏အကျယ်အဝန်းကိုမသိရချေ။

## သရေခေတ္တရာမြို့နှင့် မင်းဆက်များ။

သရေခေတ္တရာမြို့ဟောင်းနေရာမြို့ရိုးမြို့တာကျုံးမြောင်းနေရာ အမှတ်အသားများကိုယခုထက်တိုင်တွေ့မြင်နိုင်သေးသည်၊သို့သော်ထိုမြို့တွင်စိုးစံသွားသော မှန်နန်းရာဇဝင်တော်ကြီးလာဒွတ္တပေါင်မင်းမှအစ သုပညာနဂရဆိန္န မင်းအထိမင်း ၂၅–ဆက်အမည်များကိုကား တဦးတလေမျှမတွေ့ရချေ။ဒွတ္တပေါင်ဆိုသောစကားမှာလည်း သုတေသနအလိုအားဖြင့် မင်း၏အမည်မဟုတ် မြန်မာဘာသာပြန်ဆိုလိုက်သော် မင်းကြီးဟုအဓိပ္ပါယ်ရ၍ ပျူစကားမျှသာဖြစ်သည်။ ဟန်းလင်းကြီး ပျူကျောက်စာ တချပ်တွင် မင်းတပါး၏ အမည်ကိုတွေ့ရာ၊ ၎င်းအမည်မှာ **တ္ဒႈဖံးဝိန္ဒေသြိကု** ဟုဖတ်ရ၏။**တ္ဒႈဖံး** မှ ဒွတ္တပေါင်ဖြစ်လာနိုင်သည်။ဝိန္ဒေသြိကုမှ ဗိသျှနူ၊ ဗြိဂုပ္တဖြင်္လာနိုင်သည်။ ၎င်း၏မိဖုရားမှာ **မဟာဒေဝိသြိဇဒြေ** ဖြစ်သည်။ ၎င်းကို **မဟာဒေဝီဇြိစန္ဒြ** ဟူ၍ဘာသာပြန်ဆိုရာသည်။ဤသို့အားဖြင့် အထက်ဖေါ်ပြပါအရိုးအိုးစာနှင့် ကျောက်စာပါ ဝိကြမ၊ ဝါရိမန်၊ ဂုပ္တမင်းတို့ခေတ်မှာ အေ၊ ဒီ ၅၀၀၊ ရာစုနှစ်လောက်မှ ၈၀၀-ရာစုနှစ် အတွင်းလောက်သာဖြစ်နိုင်သည်။ အခြားပျူကျောက်စာတို့၌ အေ၊ ဒီ၊ ၂၀၀-ရာစုနှစ်

လောက်ကအမှတ်အသားများကိုလည်း တွေ့ယှိရသည်။ထို့ကြောင့် ကျောက်စာအရဆိုလျှင် သရေခေတ္တရာပြည် တည်ထောင်သည့်နှစ်မှာ အေ၊ ဒီ၊ ၂၀၀-ခုနှစ်ထက်စောလိမ့်မည်မဟုတ်ကြောင်းကိုတွေ့ယှိရသည်၊ စောနိုင်ဘို့ရှိခဲ့ယဉ်းကြောင်းကိုတွေ့ယှိရသည်။

## သရေခေတ္တရာပြည် ပျက်ရခြင်းအကြောင်းရင်းတပါး (တရုပ်ရာဇဝင်မှတ်တမ်းများမှ ကောက်နှုတ်ချက်များ။)

အေ၊ ဒီ၊ ၁၀၀- ခုနှစ်နှင့် ၉၀၀-ခုနှစ် အတွင်းတွင် ယခု ယူနန်ပြည်၊ နန်းချောင်းမင်းတို့၏ ဩဇာအာဏာသည် အထက် မြန်မာပြည်ကို လွှမ်းမိုးလျက်ယှိသည်။ အေ၊ ဒီ၊ ၇၅၅- ခုနှစ်၌ နန်းချောင်းမင်း ဘုရင် ကိုလိုဖင်သည်၊ တိဘက်လူမျိုးတို့နှင့် ပူးပေါင်း၍ တရုပ်တို့ကို တိုက်ခိုက်ရာ နှစ်ကြိမ်တိုင်တိုင် နိုင်သည်၊ ထိုပြီးနောက် ပျူတို့ဖက်သို့လှည့်၍ နယ်ချဲ့လာလေသည်၊ ၇၉၄ ခုနှစ်တွင် ကိုလိုဖင် ထီးနန်းကို ဆက်ခံသော ကိုလိုဖင်၏ မြေးအိ-မောင်း-ရှွန်းသည်၊ တိဘက်နှင့် အဆက်ဖြတ်ပြီးလျှင် တရုပ်တို့နှင့် ပူးပေါင်း နေထိုင်လျက်ယှိသည်၊ အေ၊ ဒီ၊ ၈၀၀ ပြည့်နှစ်တွင် တရုပ်ပြည်သို့ အက အခုန် အတီး အမှုတ်တို့ ဆက်သွင်းပြသရာ ပျူအချို့ပါသွားသည်၊ ပျူအတီး အမှုတ် အက အခုန်ကို လိုလားဟန်တူသည်နှင့် အေ၊ဒီ၊ ၈၀၁-၈၀၂ အတွင်း ပျူ ၃၅ ယောက်ပါသော အကအခုန်အတီးအမှုတ်အဖွဲ့ကို ပျူမင်းက နန်းချောင်မှတဆင့် တရုပ်ပြည်သို့ သံကြီးတမန်ကြီးနှင့်စေလွှတ်တော်မူလေသည်။

ထိုအခါနှေ့လောက်တွင် ပျူတို့၏ နိုင်ငံအကျယ်အဝန်းမှာ အရှေ့သို့လားသော် ကမ္ဗောဇနှင့် ဆက်စပ်လျက် ယှိ၏။ ဘောင်သို့လားသော်ပင်လယ်။ အရှေ့ဘောင်သို့လားသော် ဒွါရာဝတီ (ရှေးယိုးဒယား) နယ်နှင့်စပ်လျက်ယှိ၏။ အနောက်သို့လားသော် အိန္ဒိယနှင့်အစပ်ဖြစ်၏။

မင်း၏အမည်မှာ မဟာရာဇဟုခေါ်ဆို၏၊ ဝန်ကြီးချုပ်ကိုမဟာသေနဟုခေါ်ဆို၏၊ မင်းကြီးထွက်တော်မူသောအခါ၊ ခရီးတိုလျှင်ရွှေကြိုးဖြင့် ပြီးသောဝေါ်ကိုစီးတော်မူ၏၊ ခရီးဝေးလျှင်ဆင်ကိုစီးတော်မူ၏၊ မိဖုရားမောင်းမမိဿံဘာရာထက်မနည်းယှိ၏။

မြို့ရိုးမျက်နှာပြင်ကို စဉ့်အုတ်ဖြင့် စီလုပ်၏၊ မြို့၏အကျယ်မှာ အဝန်းလီမိုင် ၁၆၀ ယှိ၏။ ကျုံးနံမ်းကိုလည်း အုတ်ဖြင့်စီ၏။

မြို့တွင်း၌ လူနေအိမ်ခြေပေါင်းမြောက်မြားစွာယှိ၏၊ အခန်းအပြည့်အစုံနှင့် ဘုန်းကြီးကျောင်းတရာယှိ၏ အခန်းတိုင်းမှာ ကောဇောအပြည့်ခင်းလျက် ရွှေရောင်ငွေရောင်တို့ဖြင့် တောက်ပစွာ မွမ်းမံ ခြယ်လယ်ထား၏။ နန်းတော်ကိုလည်း ၎င်းအတိုင်းခြယ်လယ်ထား၏။

အသက်ကိုခင်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြည်၏။ မြေဩဇာကောင်းသည်၊ စပါးကောက်ပဲသီးနှံ ပြောင်းများကို စိုက်ပျိုးကြသည်၊ သို့သော်ဂျုံစပါး၊ ပိုက်ဆံလျှော်များကို စိုက်လေ့စိုက်ထမယှိကြပေ။ ပြစ်မှုကျူးလွန်သောသူများကို အပြစ်ပေးရန် တရားဥပဒေမယှိ၊ တုပ်နှောင်ရန် သံကြိုး၊ သံခြေကျဉ်းလည်းမထား၊ ပြစ်မှုကျူးလွန်လျှင် ဝါးမျှော်အချောင်းငါးဆယ် ဒဏ်ဆောင်ရ၏၊ အာမခံမပေးရ၏၊ ပြစ်မှုကိုထပ်မံကျူးလွန်လျှင် ငါးချက်ထက်မပိုသော ကြိမ်ဒဏ်ရိုက်ခံရ၏၊ ပေါ့သောပြစ်မှုကို ကျူးလွန်သူအား ကြိမ်ဒဏ်သုံးချက်ပေး၏၊ သူသတ်သမားတို့မှာ သေဒဏ်ခံရ၏။

အသက်ခုနစ်နှစ်အရွယ်သို့ရောက်သော ယောကျ်ားကလေးတို့မှာ ဆံချ၍ သင်္ကန်းဝတ်ကြရ၏၊ အသက်နှစ်ဆယ်အရွယ်သို့ရောက်ကြလာသည် ယှိသော် သာသနာဘောင်၌ မပျော်ပိုက်ခဲ့လျှင် လူထွက်ကြ၏။ လဲမှို့

ဖြင့် လုပ်သောအထည်ကိုဝတ်ဆင်ကြ၏။ ပိုးထည်များကို ဝတ်ဆင်လျှင် ပိုးတီရန္တခွန်များမှ ဖြစ်ပေါ်လာသော အထည်အဝတ်များဖြစ်၍ အသက်သတ်ခြင်း အပြစ်မှ မလွတ်ကင်းသဖြင့် ပိုးထည်များကို မဝတ်ဆင်ကြချေ။

မြို့ရိုးတံခါးပေါက် တဆယ့်နှစ်ပေါက်ယှိ၍၊ မြို့လေးထောင့်၌ စေတီများတည်ထား၏။ အုတ်ကြွပ်နေအိမ်၌ ခဲနှင့်သွတ်ကိုသုံးသည်။ တယောက်နှင့်တယောက်တွေ့ဆုံကြလျှင် တဦး၏လက်နှင့် တဦး၏ လက်မောင်းကို ဆုတ်၍နှုတ်ခွန်းဆက်သကြ၏။ ဦးခေါင်းကိုညွှတ်၍အရိုအသေပြုကြ၏ ၎င်းတို့သည် နက္ခတ်ဗေဒချာတို့အကြောင်း ကို ကျွမ်းကျင်နားလည်မှုယှိကြ၏။ ဗုဒ္ဓမြတ်စွာဘုရားတော်၌ သက်ဝင်ယုံကြည်ကြ၏။....ရွှေပန်းပွင့်များဆင်မြန်း သော ဦးထုတ်များကို ဆောင်းကြ၏။ ကျောက်သံပတ္တမြားစီခြယ်လျက် တိန်ညှင်းငှက်၏ အမွေးအတောင်များ ဖြင့် ကုံးသောပန်းကုံးများကို ဦးထုပ်၌တပ်ဆင်တတ်ကြ၏။

ဘုရင်၏နန်းတော်၌ ရွှေခေါင်းလောင်းတလုံးနှင့် ငွေခေါင်းလောင်းတလုံးကိုဆွဲထား၏။ ရန်သူများချဉ် ကပ်လာသည့်အခါ၊ အမွှေးတိုင်များထွန်း၍ ခေါင်းလောင်းများကိုတီးလျက် စစ်၏နိမိတ်ကို ကောက်ယူတတ် ကြ၏။ နန်းတော်တံခါးနှင့် တည့်တည့်ဘက်တွင်၊ ပေ ၁၀၀ ခန့်အမြင့်ယှိသော ကြီးမားသောဆင်းတုတော် အဖြူကြီးဘဆူယှိ၍ အမှုအခင်းဖြစ်ခဲ့သော် အမှုသည်တို့သည် ၎င်းဆင်းတုတော်၏ ရှေ့တော်၌ ဒူးထောက်၍ မိမိတို့အမှုများကို မှန်မမှန် စဉ်းစားဆင်ခြင်ပြီးမှ ထွက်ခွါသွားကြ၏။.... ကြံပင်များမှာ ခြေသလုံးခန့်မျှတုပ် ကြ၏။........ ငွေဒင်္ဂါး ရွှေဒင်္ဂါးများသွန်းလုပ်၍ လဲလှယ်ဝယ်ချမ်း သုံးစွဲကြ၏ ဆီကိုမသုံးကြ၊ ပျားဖယောင်း များကို အမွှေးအကြိုင်များနှင့်ထုံ၍သုံးကြ၏ တိုင်းတပါးနိုင်ငံခြားသားတို့၏ ကုန်ပစ္စည်းများကို ရေဝက်၊ မှို ချည်မှလုပ်သော အထည်အလိပ်များနှင့် စဥ့်အိုး မြေအိုးတို့ဖြင့်ဖလှယ်၍ ရောင်းဝယ်ဖေါက်ကားခြင်း ပြုလုပ်ကြ ၏။ အပျိုအအို ကွဲပြားခြားနားစေခြင်းငှါ လင်ယှိမိန်းမတို့မှာ ဦးခေါင်း၌ ငွေ ရွှေ ပုလဲကျိုးများရစ်ပတ်လျက် ဆံထုံးများ ထုံးထားလေ့ယှိကြ၏၊ ပုဝါခြုံ၍ အပြာရောင်မှို့ချည်ဘဘီများဝတ်ဆင်ကြ၏၊ လမ်းလျှောက်သွားရာ ၌ ယပ်ဘောင်ကိုကိုင်လေ့ယှိကြ၏ ဂုဏ်သရေယှိသောမိန်းမတို့မှာ တဖက်ဘချက်ယပ်ဘောင်ကိုင်လျက် နောက် လိုက် အခိုင်းအစေ ငါးယောက်ခြောက်ယောက်ခန့်ပါတတ်၏။

ထိုအခါက ပျူတို့၏ ယဉ်ကျေးမှုနှင့်စပ်လျဥ်း၍ တူရိယာအမျိုးမျိုး၊ တီးမှုတ်ကခုန်သူတို့ဝတ်စားဆင်ယင် ပုံ အမျိုးမျိုးတို့ကို ဖေါ်ပြလျက်ပါယှိရာ၊ ဤနေရာ၌ နည်းလွန်းမည်စိုး၍ မထည့်ပဲ ချန်လှပ်လျက်ထားခဲ့သည်၊ ထိုကဲ့သို့သောယဉ်ကျေးမှု အမျိုးမျိုးနှင့်ပြည့်စုံလျက် နေထိုင်ကြသော ပျူလူမျိုးတို့သည် ရုတ်ဘရက် ကမ္ဘာကြီး ပျက်သလို အပျက်ကြီးနှင့် တွေ့ကြုံခဲ့ကြရသည်၊ တွေ့ကြုံရပုံမှာ အေ၊ ဒီ၊ ၈၃၂ နှစ်တွင် နန်းချောင်းလူမျိုးတို့သည် ပျူတို့၏မြို့တော်ကြီးကို ဝင်ရောက် တိုက်ခိုက် လုယက်ဖျက်ဆီး၍ လူပေါင်း ၃၀၀၀ ခန့်ဖမ်းဆီးခေါ်ဆောင်သွား ပြီးလျှင် အရှေ့နန်းချောင်းမြို့တော်သစ် ယူနန် ဖူး၌ သုံ့ပန်းအဖြစ်နှင့် နေထိုင်စေသည်။ ပျူလူမျိုးတို့၏ အကြွင်း အကျန်ဖြစ်သောသုံ့ပန်းတို့သည် အေ၊ ဒီ၊ ၈၆၃ ခုနှစ်၌ ယူနန်းဖူးတွင် နေထိုင်လျက်ပင်ယှိကြသေးသည်။

အတိုချုံးလိုက်သော်၊ ပျူလူမျိုးတို့၏ ယဉ်ကျေးမှုသည် တရုပ်ရာဇဝင်မှတ်တမ်းများအရဆိုလျှင်၊ အေ၊ဒီ၊ ၂–ရာစုနှစ်ခန့်က လူရိုင်းတို့အခြေအနေမှ အေ၊ ဒီ၊ ၈–ရာစုနှစ် နောက်ပိုင်းခန့်မျှအထိသို့ ရောက်သောအခါ၊ အိန္ဒိယလူမျိုးတို့၏ အဆုံးအမ ဩဝါဒကိုခံယူ၍ လူမှုရေးရာတွင် အထက်တန်းကျကျ နေထိုင်ခဲ့ကြရပြီးနောက်၊ ယူနန်ရှမ်းတရုပ်တို့၏ အနှောင့်အယှက်ကြောင့် အပျက်ကြီးပျက်ပြီး တဖြည်းဖြည်းလူမျိုးပါ ပျောက်ကွယ်သွား ကြရရှာလေသည်။ မှန်းနန်းမဟာရာဇဝင်တော်ကြီးအရဆိုလျှင် သရေခေတ္တရာ ပျက်ပြီးနောက်၊ ပုဂံခေတ်ပေါ် လာသည်။ ၎င်းဖေါ်ပြပါ အဖြစ်အပျက် ရာဇဝင်မှတ်တမ်းတို့ကိုနောက်ခံထား၍၊ သရေခေတ္တရာမြို့ ကောင်း စားစဉ်အခါက၊ သွင်းလုပ်ပူဇော်ကြသော အုတ်ခွက်ဆင်းတုတော်တို့၏ အကြောင်းများကို အောက်တွင် ရေး သားဖေါ်ပြလိုက်ပါသည်။

## မှော်ဇာ၊ ခင်ဘားကုန်း၌ တူးဖော်တွေ့ယှိရသော ဝတ္ထုပစ္စည်းများ။

သရေခေတ္တရာမြို့ဟောင်းအတွင်း မှော်ဇာရွာမှအနောက်တောင် ၂-မိုင်ကွာခန့်၌ဘည်ယှိသော ကုလားကန်ရွာနှင့်ကပ်လျက် ကုန်းတကုန်းယှိ၏။ ၎င်းကုန်းကိုခင်ဘားကုန်းဟုခေါ်ဆိုကြ၏။ ၁၉၂၆-၂၇ ခုနှစ်အတွင်းက ကျောက်စာဝန်မစ္စတာဒူရွိုင်ဆဲ၏ကြိုးပမ်းရှာဖွေချက်အရ ထိုကုန်း၌တနေရာဘည်းတွင်စု၍ ရှေးဟောင်းပစ္စည်း အမြောက်အမြားကိုတွေ့ယှိရ၏။ သို့သော်-၎င်းတို့တွင်အုတ်ခွက်ဖုရားဟူ၍ တဆူတလေမျှမတွေ့ရချေ၊ တွေ့ရသော ဆင်းတုတော်တို့မှာရွှေငွေဖြင့်လုပ်သောဆင်းတုတော်တို့သာလျှင်များ၏။ ၎င်းတို့အထဲမှထင်ရှားသောရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတု၊ ၎င်းဆင်းတု သုံးဆူကိုစံနမူနာအနေနှင့်ရွေး၍ ပုံ(၁)၊ပုံ(၂)၊ပုံ(၃)တို့တွင် ပြထားပါသည်။ ပုံ(၁)မှာ ငွေဗေါဓိပင်ခေါင်းပွ ခုံပတ်လည်ယှိ ရုပ်ကြွငွေဆင်းတုတော် ၄-ဆူအနက် တဆူဖြစ်သည်။ ပုံ(၂)မှာတင်ပြင်ခွေ ရွှေဆင်းတုတော်ဖြစ်သည် ပလ္လင်နှင့် နောက်ခံတံကဲပါသည်၊ ပလ္လင်မှာ ငွေပလ္လင်ဖြစ်သည်။ ပုံ(၃)မှာ ကြေးဆင်းတု တင်ပြင်ခွေကိုယ်တော်ဖြစ်သည်။ ဗေါဓိပင်ပလ္လင် ပတ်လည်ယှိ ဆင်းတုတော်လေးဆူတို့မှာ တပုံစံတည်းဖြစ်ကြသည်၊ မတ်ရပ်တော် ရဟန္တာတဆူစီ ရံလျက် ကြာပလ္လင်ထက် ခြေနှစ်ဖက်ကိုထပ်၍၊ လက်တော် ဘယ်ဘင်ညာချ ထက်ဝက်ခွေထိုင်နေတော်မူကြဟန်ဖြစ်သည်။ တည်တံ့တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံးတော်များယှိသည်။ နောက်ခံတံကဲမှာ အထက်ပိုင်းနားတွင်မဏိတော်ကိုဝိုက်၍ အနားလုံးလျက် စက်ဝိုင်းသဏ္ဌာန် ရောင်လျှံတော်ပါသည်၊ မဏိဘော်၌ဥဏှိသပုံဘော်မှာ ရောင်ဘော်ပုံ မဟုတ်ပဲ ပုံ့ပုံ့စုတက်သွားသည်၊ ဆံဘော်ပုံတို့မှာ ပိန္နဲသီးပမာမဟုတ်ပဲ၊ခရုပတ်ခွေလျက်တွေ့မြင်ရသည်။ သင်္ကန်းတော်ပုံတို့မှာ အနားလုံး လောက်သာထင်ရှားသည်။ နောက်ခံတံကဲမှပခုံးထက်၊ တဖက်တချက် တံကဲစွန်းမှထွက်လျက် ပါသောမကာရ်း ရုပ်မှာဦးခေါင်းနှင့်နှာမောင်းကို အထက်သို့မြှော်လျက်နေဟန်ပါသည်။

ထိုရုပ်ထုဆင်းတုတော်တို့၏ မျက်နှာတော်အကျအနဆင်ယင်ပုံတို့မှာ ပုဂံခေတ်ကပုံများနှင့် ခြားနားကြောင်းကို ရုတ်ခြည်းတွေ့မြင်နိုင်ကြပေလိမ့်မည်။ ၎င်းသုံးဆူကို ဤနေရာ၌ရွေးထုတ်၍ တင်ပြထားခြင်းအကြောင်းတရပ်မှာ နောက်ဖေါ်ပြမည့် အုတ်ခွက်ဆင်းတုတော်များနှင့် နှိုင်းယှဉ်ကြည့်ရှုနိုင်ကြရန်ဖြစ်သည်။ အခြားအကြောင်းတရပ်မှာလည်း ဗေါဓိပင် ပလ္လင်ဝိုင်းမှာခေါင်းပွဖြစ်ပြီး ဗေါဓိပင်၏ ပင်စည်ပင်မသည် ပလ္လင်၏အဖုံးမှအထက်သို့ တက်သွားသည်။ ထိုအဖုံးနခမ်းကိုပတ်၍ အပြင်ဖက်တွင် စာတမ်းတကြောင်းပါသည်၊ ထိုစာတမ်းအောက်တွင် ပလ္လင်ကိုဝိုက်လျက်၊ ဖုရားလေးဆူပါသည်၊ တဆူဘဆူ၏အမည်ကို အထက်က ပလ္လင်အဖုံးတွင်အိန္ဒိယတောင်ပိုင်း အက္ခရာနှင့် ပျူဘာသာကိုရေးထိုး၍ ၎င်းကဆူတဆူ၏ အမည်နှင့်ဆက်၍ဆက်၍ ဖုရား၏ ဂုဏ်တော်များကို အကျဉ်းချုံး၍ အချက်အဆစ် ကောက်နုတ်ချက်ကလေးများလည်း ပါဠိဘာသာဖြင့် ရေးထိုးလျက်ပါသည်။ ဗေါဓိပလ္လင်ဝိုင်း၏ အောက်နခမ်းကလေးကိုပတ်လျက်လည်း စာတကြောင်းပါသေးသည်။ ၎င်းစာမှာ ပျူဘာသာဖြင့်ဖြစ်နေသဖြင့်၊ ၎င်း၏အဓိပ္ပါယ်ကိုလုံးစေ့ပါဌ်စေ့မဖေါ်ပြနိုင်သော်လည်း၊ ၎င်းတွင် အလှူရှင်၏ အမည်များပါယှိကြောင်းကိုသိရသည်။ ထိုစာများ၏အက္ခရာအရေးအသားများနှင့် ပုံသဏ္ဌာန် ဝတ္ထုပစ္စည်းများကို ထောက်ဆ၍ ခေတ်ကာလအက္ခရာအရေးအသားတို့ကိုထောက်၍ ထိုစာတို့ရေးထိုးလျက်ပါယှိသောပစ္စည်းပစ္စယတို့၏ ခေတ်ကာလအပိုင်းအခြားကိုခန့်မှန်းသာသည်။ ၎င်းတို့သာမက ၎င်းတို့နှင့်အတူတွေ့ယှိရသော အခြားဝတ္ထုပစ္စည်းတို့၏ ခေတ်ကာလ အပိုင်းအခြားကိုလည်း ခန့်မှန်းသာသေးသည်၊ ဤအဆိုအတိုင်းခန့်မှန်းရလျှင် အထက်ဖေါ်ပြပါ ရွှေဆင်းတု၊ ကြေးဆင်းတုတို့သည် အေ၊ဒီ၊ နှစ်ငါးရာစုခြောက်ရာစုနှစ်အတွင်းလောက်တွင်ဖြစ်ပေါ်လျက်ယှိသော ဝတ္ထုပစ္စည်းများ ဖြစ်သည်ဟုခန့်မှန်းရသည်။ ခန့်မှန်းပုံကို အနည်းငယ်သိစေလို၍ ခင်ဘားကုန်းမှ အထက်ဖေါ်ပြပါ ပစ္စည်းများနှင့်အတူတွေ့ယှိရသော ရွှေပေလွှာချပ် ၂၀ အနက် ပဌမ ၂ ချပ်၊ (ပုံ ၄)။ ဗေါဓိပင် ခုံဝိုင်း၏ အဖုံးမှ ပါဠိစာတပိုင်း၊ (ပုံ ၅) နှင့်ထိုဗေါဓိပင်ခုံဝိုင်း၏အခြေမှ ပျူစာတပိုင်း၊ (ပုံ ၆)၊ များကိုပြထားပါသည်။ ရွှေပေလွှာ ၂-ချပ်မှာ သိဒ္ဓံဟုအစချီလျက်ပဋိစ္စသမုပ္ပါဒ် တရားတော်၏ ပဌမပိုင်းလောက်မှ **ဝံမေတဿ ကေဝလဿဒုက္ခက္ခန္ဓဿ** အထိ ပါ၏၊ ဗေါဓိပင်ခုံဝိုင်းအဖုံးမှ စာအပိုင်းမှာ **ဗံဗုဒ္ဓကဿဖယံ** နှင့်စ၍ **နမဝမ္မောသဿဒ္ဓထောဘဂဝ တာဓမ္မောသန္ဒိတ္ထိကော အာကာလိကော ဧဟိပဿိကော** အထိပါ၏။ ဗေါဓိပင်ခုံ ဝိုင်းအခြေမှစာအပိုင်းမှာ ပျူ

ဘာသာဖြင့် ကုသိုလ်ရှင်အမည်၊ ဗြိပြဘုဝမ်ိနဟု အပိုင်းအဆုံးနားတွင်ပါ၏။ ထိုပါဠိစာ ပျူစာတို့တွင်ပါယှိသော အက္ခရာမှာ အိန္ဒိယတောင်ပိုင်းအက္ခရာများဖြစ်ကြ၏၊ ပုဂံတွင် တွေ့ယှိရသော မွန်မြန်မာအက္ခရာတို့နှင့် အမျိုးချင်းတူကြ၏။ သို့သော် အက္ခရာ အရေးအသား ပုံသဏ္ဌာန်တို့မှာ ကွာခြားလျက်ယှိ၏။ ထိုအရေးအသား ပုံသဏ္ဌာန်တို့ကိုထောက်၍ ပုဂံခေတ်နှင့်သရေခေတ္တရာ ခေတ်တို့ကို နှိုင်းယှဉ်ကြည့်လိုက်သော် ပုဂံခေတ်ယဉ်ကျေးမှုမှာ အေ၊ ဒီ၊ ၁၁–ရာစု နှစ်လောက်ကမှစ၍ သရေခေတ္တရာခေတ်မှာ အေ၊ ဒီ၊ ၅–ရာစုနှစ်လောက်က စ၏၊ ထို့ပြင်ဤနည်းအတိုင်းနှိုင်းယှဉ်သွားပါက သရေခေတ္တရာခေတ်မှာ အေ၊ ဒီ ၂–ရာစု၊ ၃–ရာစုနှစ်လောက် အထိ နောက်သို့ဆုတ်နိုင်စရာ အကြောင်းရေးရေးထင်၏။ ပုဂံခေတ်မှာမူ ၁၁–ရာစုနှစ်မှ နောက်သို့ဆုတ်၍ မရနိုင်လောက်အောင်ပင် ဖြစ်နေသေး၏၊ အလွန်ဆိုရလျှင် ပုဂံခေတ်သည် အေ၊ ဒီ၊ ၉–ရာစု အထက်လွန်နိုင် ဖွယ်ရာအကြောင်းမမြင်နိုင်သေး။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခင်ဘားကုန်းမှ ရွှေဆင်းတု ငွေဆင်းတု ရွှေပေလွှာ ငွေပေလွှာ တို့နှင့် အတူ တနေရာထဲတွင်စု၍ အုတ်ခွက်ဆင်းတုတော်ဟူ၍ တဆူဘလေမျှ မတွေ့ယှိခြားသော်လည်း ထိုကုန်းတွင်ပင် အခြားနေရာများ၌ အုတ်ခွက်ကဲ့သို့မြေ၊ အင်္ဂတေဖြင့်ပြုလုပ်သော ပစ္စည်းတို့ကိုကား အများပင် တွေ့ရလေသည်။ ၎င်းတို့၌ အမျိုးအစားအားဖြင့် တိုင်ပုံများ၊ လူဦးခေါင်းပုံများ၊ ကြာပန်းပုံများ စသည်ဖြင့် ဖြစ်ကြ၏။ လူဦးခေါင်းပုံပါသောအုတ်ချပ်တချပ်၌ ဦးခေါင်းတွင်ပတ်၍ ပေါင်းထုပ်ထားပုံမှာ ပါရစီလူမျိုးများ ဦးခေါင်း၌ ပေါင်းထုပ်ထားသော ဦးထုပ်ပုံနှင့်တူလှ၏၊ (ပုံ ၇)။

အခြားအုတ်ခွက်တချပ်၌ ၅၅၀ -ဇာတ်နိပါတ်တော်လာ ဇာတ်ခန်းတခန်းပမာ သွင်းလုပ်ထားသောပုံဖြစ်၏၊ ထိုပုံတွင်အလယ်ယှိပုံမှာ လူဖြစ်ပြီး ခြသေ့ခုံ စင်မြင့်တခုပေါ်၌ ခြေတွဲလဲချလျက် ထိုင်နေဟန် ဖြစ်သည်၊ လက်နှစ်ဖက်ကို ရှာန်သမာပတ်ဝင်စားနေဟန်၊ ပေါင်ခွင်တွင် ထပ်၍ မျက်သွာချလျက် နေဟန်ပါသည်၊ ဖေါင်းနားငွေ့ာင်းနှင့်လက်ကောက်၊ လက်ကျပ်တို့ကို ဆင်မြန်းလျက် ခါးဝတ်ပုဆိုးကိုပါ ရေးရေး မြင်နိုင်သည်၊ နံဘေးတဖက်တချက်ယှိ ပုံတို့မှာ အလယ်ပုံကိုမျက်နှာမူ၍ လူကြမ်းသဘောနှင့် ဒူးပေါ် ပေါင်ပေါ် ဒိုတီတို့ကို ဝတ်လျက် မတ်ရပ်ရပ်တခုစီပါသည်၊ လက်ျာဖက်ယှိပုံမှာ တုတ်ကိုလက်နှစ်ဖက်ဖြင့် မြှောက်၍ကိုင်လျက် ခြိမ်းချောက်နေဟန်ဖြစ်သည်၊ သို့သော် မျက်နှာ၏ပုံပန်းအနေအထားအရ ရှင်ပြုံးလျက်ယှိသည်၊ လက်ဝဲဘက်ယှိ မတ်ရပ်ပုံမှာ အလယ်ပုံ၏လက်ျာဖက်လက်မောင်းကို အထက်အောက် ကိုင်လျက် သတိပေးနေဟန်နှင့်တူသည်၊ ၎င်းအခန်းကို မဏ္ဍတာဒူရှိုင်ဆဲ၏အလိုအားဖြင့် တေမိမင်းကို အလိုစမ်းနေသောအခန်းယယ်ပါင်း ဖြစ်ဟန်တူသည်ဟု ဆိုသည်၊ သို့သော်စာတမ်းများရေးထိုးမှတ်သားလျက်မပါခြင်းကြောင့် တပ်အပ်သေချာစွာ မပြောနိုင်ချေ၊ (ပုံ ၈)

အခြားအုပ်ခွက်တချပ်မှာ ဒီပင်္ကရာမြတ်စွာဖုရား၏ပုံနှင့်တူသည်၊ သို့သော် ခြေလက်ကျိုးပဲ့ပြီး မဏိတော်မပါတော့ချေ၊ သင်္ကန်းရုံပုံမှာ ဂုပ္တခေတ်ဆန်သည်၊ (ပုံ ၉)။

ခင်ဘားကုန်းမှ ရွှေပေလွှာ ငွေပေလွှာတို့ကိုမတွေ့မီ ၁၈၉၃ခုနှစ်လောက်ကမှော်ဇာရွာတောင်လယ်ပေါ်ရွာမှ မောင်ကန်ရွှေပေလွှာခေါ် ရွှေပေလွှာ နှစ်ချပ်ကို တွေ့ရသည်၊ ထိုရွှေပေလွှာနှစ်ချပ်တွင် ရေးထိုးထားသော စာမှာ ပါဠိဘာသာဖြင့် အိန္ဒိယတောင်ပိုင်း အက္ခရာနှင့် "ယေဓမ္မာဟေတုပ္ပဘဝါ" အစရှိသော ဂါထာနှင့် ပိဋကတ်တော် ၃ ကောက်နှုတ်ချက် အလေးများပါသည်။ အိန္ဒိယကျောက်စာဌာနမှ ပါရဂူဘွဲ့ဦး၏ အလိုအားဖြင့် ၎င်းတို့တွင် ရေးထိုးထားသောစာသုံးတို့သည် အေ၊ ဒီ၊ ၆–ရာစုနှစ်လောက်က အရေးအသားများ ဖြစ်သည်ဟု ဆိုသည်၊ ၎င်းတို့အပြင် အေ၊ ဒီ၊ ၆–ရာစုနှစ်မှ ၇နှစ်ရာစုအတွင်း သုံးလေ့သုံးထယှိသော အိန္ဒိယ တောင်ပိုင်းအက္ခရာတို့နှင့် ပါဠိဘာသာဖြင့် ရေးထိုးထားသော ရွှေပေလွှာအစအန၊ ကျောက်စာ အစအန တို့ကိုလည်း သရေခေတ္တရာမြို့ဟောင်း မှော်ဇာရွာအနီးတဝိုက်မှာပင် ဆက်လက် တွေ့ယှိ ထားသေးသည်။

ထိုအချက်အလက်တို့ကို စုပေါင်း၍ ကြည့်လိုက်သော် အေ၊ ဒီ၊ ငါးရာစုနှစ်မှ ခုနစ်ရာစု နှစ်လောက်တွင် သရေခေတ္တရာပြည်၏ ယဉ်ကျေးမှုသည် အဘော်ပင်အထက်တန်းကျလျက် ရှိနေကြောင်းကို သိရသည်၊ အထက် ဖေါ်ပြပါ ရွှေပေလွှာ ငွေပေလွှာတို့ဘွင် ရေးထိုးလျက်ပါသော စာတမ်းတို့၌ သုံးလေ့သုံးထရှိသော အက္ခရာ စာလုံးတို့၏ ပုံသဏ္ဌာန်တို့ကို ထောက်ချင့်ရခြင်း အားဖြင့်လည်း ထိုယဉ်ကျေးမှုသည် အိန္ဒိယတောင်ပိုင်း ကရစ် သျှနားမြစ်ဝှမ်းမှဖြစ်ပေါ်လာသည်ဟုယူဆရာသည်၊ ထို့ပြင် ထိုယဉ်ကျေးမှုသည် မည်သည့်အခါ မည်သို့ ပြောင်း လဲသွားခြင်းအရိပ်အမြွက်တို့ကို အောက်တွင် ဖေါ်ပြ သွားမည့်ဖြစ်သော အုတ်ခွက် ဆင်းတုတော်တို့ကလည်း တဖက်တလမ်းမှ ထောက်ခံသောအနေနှင့် ထုတ်ဖေါ်ပြောဆိုသွားပါလိမ့်မည်။

## သရေခေတ္တရာ မြို့ဟောင်းနေရာ၌
## တွေ့ရှိရသော အုတ်ခွက်ဆင်းတုတော်များ။
## မှော်ဇာ၊ မထောရွာ၊ ရှင့်ကုန်း၌တွေ့ရှိရသော အုတ်ခွက်ဆင်းတုတော်များ။

၁၉၂၇–၂၈ ခုနှစ်အတွင်း သရေခေတ္တရာ မြို့ဟောင်းနေရာ မှော်ဇာမြို့၊ မထောရွာ အနီးတဝိုက်တွင် ကျောက်စာဌာနမှတူးဖေါ်ရှာဖွေရာ၊ မထောရွာ၊ ငှင့်ကန်ကုန်းတောင်ဖက်၊ ကုန်းတကုန်းမှ၊ အခြားရှေးဟောင်း ပစ္စည်းများနှင့်အတူအုတ်ခွက်ဆင်းတုတော်များကိုတွေ့ရသည်၊ ထိုအုတ်ခွက်တို့အနက်အုတ်ခွက်တမျိုး၏ပုံသဏ္ဌာန် မှာ ဂုံးပုံဖြစ်၍ နောက်ခံတံကဲနှင့်ဖုရားဆင်းတုတော်တဆူကြာပလ္လင်ပေါ်တွင်ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် နှစ်ဖက်ကိုရင်သို့အပ်၍ တရားဟောနေဟန်ပါသည်။ ဆင်းတုတော်မှာ အချိုးအစားကျနေ၍ မဏိတော်ပေါ်မှ ဥဏှိသပုံတော်သည်ပုံ့ပုံ့တက်နေဟန်တွေ့မြင်ရသည်။ထက်ဝယ်ဖွဲ့ခွေထိုင်နေဘော်မူပုံမှာ၊ ကြာပွင့်ပေါ်တွင် ခြေ နှစ်ဖက်ကိုအတွင်းသို့ကွေး၍ချိတ်လျက် ခြေဖဝါးတော်နှစ်ခုစလုံးပင် ပေါ်ထွက်လျက်ရှိသည်၊ သင်္ကန်းတော်မှာ လက်ျာဖက်ပခုံးကိုလှပ်လျက် လက်ဝဲပခုံးထက်စမွယ်တင်ထားဟန်တွေ့မြင်ရသည်။ သို့သော် ပါးလျှပ်လှသဖြင့် အသားနှင့်ကပ်၍ ပခုံးထက်မှကျနေသော သင်္ကန်းအနားလိပ်နှင့် လက်ဝဲဖက် လက်ကောက်ဝတ်မှ အောက်သို့ ကျနေသောသင်္ကန်းအနားလိပ်အမှတ်အသားတို့ဖြင့်သာ သင်္ကန်းဝတ်ဆင်ထားလျက်ရှိကြောင်းကိုသိမြင်ရသည်။ (ပုံ ၁၀)။

နောက်ခံတံကဲမှာအထက်သို့တက်သွားသော ကွမ်းတောင်နှင့်ဗေဓိကျောင်းဆောင်မပါပဲ တနည်းအား ဖြင့် တင့်တင့်တယ်တယ်ဖွယ်ဖွယ်ရာရာဆင်မြန်းထားခြင်းကိုတွေ့မြင်ရသည်၊ တွေ့မြင်ရပုံမှာကြာပလ္လင်၏ တဖက် တဖက် အစွန်းထွက်လျက်ရှိသောပြော့ပလ္လင်ထက် အပြင်ဖက်သို့မျက်နှာမူ၍ ဒူးတုပ်လျက်ဝပ်နေသောဆင်၏ ရှေ့ပိုင်းဘပိုင်းပါရှိ၍၊ ဆင်၏နှာမောင်းဖျားတွင် ကြာဖူးသဏ္ဌာန်ရှိသော စေဘိကလေးတဆူ ကြာရိုးဖြင့် မြှောက်ပင့်လျက် ပူဇော်နေဟန်ပါ၏၊ ထို့ပြင် ထိုဆင်၏ ပခုံးထက်မှ ဗျာလခေါ်သားရဲတိရစ္ဆာန် တခုသည် နောက်ခြေအစုံဖြင့်ရပ်လျက်၊ အလယ်ဆင်းတုတော်ပခုံးစွန်းမှထွက်ပေါ်နေသော တံကဲထုပ်အစွန်းကို အပြင်ဖက် သို့ မျက်နှာမူ၍ဦးခေါင်းဖြင့် ထောက်ခံထား၏၊ ထိုထုပ်အထက်တွင် မကာရ်းခေါင်းပုံတခုဆင့်ထပ်လျက်ရှိ၏၊ ၎င်းတို့အထက်မှာဆင့်အလယ်ဆင်းတု၏မဏိတော်ကိုဝိုက်လျက် သွင်းလုပ်ထားသောချောင်ခြည်တော်အလင်း စက်ဝန်းမှာလည်းသပ်ယပ်သေချာပြတ်သားလျက်ရှိခြင်းကို တွေ့မြင်ရ၏။ ထိုစက်ဝန်းအထက် ထီးပုံကလေး ဖြန့်၍အုပ်မိုးလျက်ရှိ၏။

ဆင်းတုတော်နှင့်ကြာပလ္လင်၏အောက်၌ပုံနှိပ်စာကလေးတကြောင်းရေးရေးမြင်ရသည်၊ အုတ်ခွက် သုံး လေးချပ်ကိုပေါင်း၍ ထိုရေးရေးမြင်ရသောစာကိုဆက်စပ်ဖတ်ကြည့်ရာ၊ စာကြောင်းအစ၌ပါရှိသော အက္ခရာ စာလုံ လေးငါးလုံးလောက်မှာ ပြွန်းတီးလျက်ရှိနေသဖြင့် လုံးဝမဖတ်သာတော့ချေ၊ ကျန်ရှိသေးသောအက္ခရာ စာလုံးတို့မှာ မြတ်စွာဘုရား၏ဂုဏ်တော်အစပိုင်းဖြစ်သော ဣတိပိသောဘဂဝါအရဟံ ကိုဖတ်၍ရသည်၊ ထိုဖတ်၍ ရသောအက္ခရာစာလုံးတို့၏ပုံသဏ္ဌာန်တို့မှာ အိန္ဒိယ တောင်ပိုင်း၌ အေ၊ ဒီ၊ ငါးရာစုနှစ်မှ ခုနစ်ရာစုနှစ်လောက်

တွင် ရေးလေ့ရေးထယှိသော ဘေလဂူ–ကင်နာရီ (စ) ခေါ် အက္ခရာစာလုံးများအရေးအသားများနှင့် တူညီနေကြောင်းကိုတွေ့ရသည်။ ၎င်းကိုထောက်၍ အုတ်ခွက်၏ခေတ်ကာလအပိုင်းအခြားမှာလည်း အေဒီ ငါးရာစုနှစ်မှ ခုနစ်ရာစုနှစ်နှင့်ကအုတ်ခွက်ဖြစ်ကြောင်းကိုယူဆပြောဆိုနိုင်ရာသည်၊ အုတ်ခွက်၏အတိုင်းအတာမှ အမြင့် ၃၂´၊ အောက်ခြေ၏အကျယ် ၂၃´ ဖြစ်၏။

ထိုကုန်း၌ပင်တွေ့ယှိရသော အခြားအုတ်ခွက်တမျိုးမှာ ရုတ်တရက်ကြည့်လိုက်သော် အထက်ဖော်ပြပါ အုတ်ခွက်နှင့် တမျိုးတည်း တစားတည်းပင် ဖြစ်သည်ဟု ထင်ရ၏။ (ပုံ ၁၁)။ သို့သော်သေသေချာချာ အုတ်ခွက်ချင်းနှိုင်းယှဉ်ကြည့်ပါက၊ ပဌမအုတ်ခွက်တွင် ထွက်နေသော ပလ္လင်အစွန်းထက်၊ ဝပ်နေသောဆင်ရုပ်နေရာ၌ ဒုတိယအုတ်ခွက်တွင်ပန်းဖူးပန်းခက်ကလေးတခုကိုမြင်ရသည်။ ထို့ပြင်ထိုပန်းဖူးပန်းခက်အောက်နေသော ပလ္လင်၏အထက်ဘောင်အစွန်းကို အနည်းငယ်အပြင်ဖက်သို့ထုတ်၍ မကာရ်ရုပ်သဏ္ဍာန်သွင်းလုပ်ပြီးလျှင် ထိုမကာရ်၏ နှာမောင်းဖျားဖြင့်အထက်သို့ထောင်၍ နှစ်ဆင့်နှစ်ထပ်ယှိသော ထီးပုံကလေး တခုကို မြှောက်ပင့်လျက်ထားဟန်ပါယှိသည်၊ ၎င်းပြင်အလယ်ဆင်းတုတော်၏ ရောင်ခြည်တော် စက်ဝန်းအထက် ထီးအထွတ်မှ ပန်းဖူးပန်းပွင့်သဏ္ဍာန်ယှိသော တမ်းခွန်ကုက္ကားများထွက်ပေါ်လျက်ယှိသည်၊ ၎င်းတို့အစားပဌမအုတ်ခွက်တွင်ထီး၏ တဖက်တချက်၌ကြာဖူးကြာပွင့်များပါသည်။ ဒုတိယအုတ်ခွက်၏ကြာပလ္လင် အောက်၌တန်း၍ စာတကြောင်းပါဟန်တူသည်။ သို့သော် အက္ခရာစာလုံးတို့မှာ မထင်ရှားသဖြင့် မဖတ်သာချေ၊ ထိုသို့ပင်ဖြစ်ငြားသော်လည်း ပဌမအုတ်ခွက်နှင့် ဒုတိယအုတ်ခွက်တို့၏ ခေတ်ကာလအပိုင်းအခြားမှာ ကွာခြားကြမည်မဟုတ်ပဲ တခေတ်တည်း တကာလတည်းကပင်ဖြစ်ဟန်ရာ၏။ ဒုတိယ အုတ်ခွက်၏ အတိုင်းအတာမှာ ပဌမအုတ်ခွက်နှင့် အလားတူပင်ယှိ၏။

၎င်းတို့နှင့်အတူ တကုန်းတည်းမှာပင် အခြားအုတ်ခွက်တမျိုးကို တွေ့ရပြန်သည် (တတိယအုတ်ခွက်)။ ၎င်းအုတ်ခွက်၏ပုံသဏ္ဍာန်မှာ ညောက်ချွက်ပုံ သဏ္ဍာန်ယှိသည်။ ထိပ်ဖက်ကချွန်၍ အလယ်တွင်ပူထွက်လျက် အောက်ခြေမှာ ဝိုင်းသည်။ (ပုံ ၁၂)။အရွယ်မှာ ပဌမနှင့်ဒုတိယ အုတ်ခွက်တို့ပမာဏယှိသော်လည်း ထိပ်ဖက်သို့ချွန်တက်သွားသည့်အတွက် အဟန့်မှာ အနည်းငယ်သေးသည်။ သို့သော် ထိုကျဉ်းမြောင်းသောမျက်နှာပြင်ကလေးတွင်သွင်းလုပ်ထားသော ပုံတို့ဖြင့်ပြည့်နှက်လျက်ယှိသည်။ အလယ်တွင်ပြေပလ္လင်ထက်ကြာပလ္လင်ဆင့်၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်တဆူပါသည်၊ တင်ထားလျက်ယှိသော လက်တော်မှာ သပိတ်ကို ပိုက်ထားဟန်ပါသည်၊ ရှုံလျက်ယှိသော ကေသီသက်ာန်းတော်မှာ ဘယ်ဖက်ပခုံးပေါ်တွင် စမွယ်တင်လျက် ခေါက်ရိုးတို့မှာ အမြှောင်းအမြှောင်းနှင့်တွေ့မြင်ရသည်၊ ကွေးထားသော ခြေတော်နှစ်ဖက်မှာလည်း ချိတ်ထားခြင်းမဟုတ်ပဲထပ်လျက်ယှိသည်၊၎င်းခြေထပ်ပုံနှင့် သင်္ကန်းခေါက်ရိုး အမြှောင်းအမြှောင်းယှိပုံတို့မှစ၍ အထက်ကဖော်ပြပါ ပဌမနှင့်ဒုတိယအုတ်ခွက်ပုံတို့ဘွင်ပါသော အချက် အလက်တို့နှင့် မတူပဲ ထူးခြားသည်၊ ထူးခြားပုံမှာ ဘေးတဖက် တချက်ရံလျက် ယှိသော ဝပ်လျက် နေသော ဆင်ဦးကင်း အရှေ့ပိုင်းပုံ၊ ၎င်းအထက်ရပ်လျက်ရှိသောဗျာလ သို့မဟုတ် ခြင်္သေ့ပုံ၊ ၎င်းအထက် မကာရ်းပုံ၊ ရောင်ခြည်တော် စက်ဝန်းပုံ၊ ထီးပုံတို့၏ ကြားမှာ ဖေါင်းကြွလျက် အခြားသော ပန်းဖူးပန်းခက်၊ ပန်းရွက်ပုံတို့ ပြည့်နှက်လျက် ယှိသည်။ ပလ္လင်၏ အောက်ခြေ၌ စာတကြောင်းပါယှိရာ၊ စာမှာပျူစာဖြစ်သည်၊ အိန္ဒိယ တောင်ပိုင်း အက္ခရာမှ ဆင်းသက်လာသော ပျူအက္ခရာဖြင့် ရေးသားလျက်ပါယှိသည်။ ၎င်းစာကို ယခုလက်ငင်း အက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

## ဗ်းရောစောယ်ံစော။

စာမှာပျူဘာသာဖြင့် ဖြစ်နေသဖြင့် အဓိပ္ပါယ်ကိုမဖေါ်ပြနိုင်၍ မြန်မာဘာသာပြန်ဆိုချက်ကို မထည့်လိုက်နိုင်ပေ၊ သို့သော် စာ၏အစ၌ ပါယှိသော ဗ်း ဆိုသောစကားတလုံးနှင့်၊ အလယ်နှင့် အဆုံး၌ **စော** ဆိုသော စကားနှစ်လုံးကို ထောက်ရခြင်းအားဖြင့် ၎င်းစာ၏ အဓိပ္ပါယ်မှာ **မင်းတို့၏မင်း** (ရာဇာဓိရာဇာ) ဖြစ်သော

ဖုရားဟုခေါ်ဆိုဟန်တူသည်၊ ဤကဲ့သို့ယူဆခြင်း မှာလည်း အုတ်ခွက် ဆင်းတုတော်နောက်ခံတံကဲ၌ အရံအဖြစ် ဆင်ပြင်ထားပုံတို့ကိုထောက်၍ မှန်းဆခေါ်ဆိုခြင်းသာဖြစ်သည်။ ရာဇာဓိရာဇာ ဟု မှန်းဆခေါ်ဆိုသော်လည်း ယခုခေတ် မကိုဋ်သရဖူ ဆောင်းလျက် မင်းဝတ်တန်းဆာတို့ဖြင့် ဝတ်ဆင်၍ ဇမ္ဗုပတိ ဖုရားဟု ခေါ်ဆိုကြသော ရာဇာဓိရာဇာဖုရားပုံတော်နှင့် လုံးဝမတူချေ။ အုတ်ခွက်တွင်ပါသောဖုရားပုံတော်မှာ ရိုးရိုးဖုရားပုံတော်အတိုင်း ဖြစ်သည်။ သို့သော်လည်း အဆောင်အယောင် သဘောနှင့် အခြံအရံတို့မှာ မင်း၏ အဆောင်အယောင်များ ဖြစ်ကြသည်။ပါဠိပိဋကတ်တော်ထွက်နှင့် ကိုက်ညီသည်၊ ခေတ်ကာလအပိုင်းအခြားမှာ အထက်ဖေါ်ပြပါ၊ ပဌမ နှင့် ဒုတိယအုတ်ခွက်များနှင့် မတိမ်းမယိမ်းဖြစ်သည်။

ပုံ (၁၃) ပါအုတ်ခွက်မှာအထက်ဖေါ်ပြပါ ပုံ (၁၂) နှင့် တနေရာဘည်းမှာတွေ့ယှိ၏၊ သို့သော်ပုံ (၁၃) တွင် ပါသော ထူးခြားချက် တခုမှာ၊ အုတ်ခွက်၏ အလယ်လောက်၌၊ အုတ်ခွက် နခမ်းကိုကပ်လျက်၊ တဖက် တချက် ဒူးတုပ်ရှိခိုးနေဟန် လူရုပ်လိုလို နတ်ရုပ်လိုလိုတခုစီပါသည်။

ပုံ (၁၄) တွင် ပြထားသော အုတ်ခွက် ဆင်းတုဘော်ကို အထက်ဖေါ်ပြပါ ပုံများနှင့် အတူ တနေရာ တကုန်းတည်းကွင်တွေ့ရသည်၊ အုတ်ခွက်၏ ပုံသဏ္ဍာန်မှာ ညောင်ရွက်ပုံဖြစ်၍၊ အလယ်၌ ကြာပလ္လင်ပေါ်တွင် တင်ပြင်ခွေ၍ တရားဟောနေဟန်ဖုရားဆင်းတုတော်ဘဆူပါသည်၊ ထိုဆင်းတုတော်၌ သင်္ကန်းကို ဝတ်ရုံထားပုံမှာ အထက်ဆင်းတုတော်များနှင့်မတူပဲ၊ တကိုယ်လုံးခြုံလျက် ခေါက်ရိုးခေါက်တွန့် တို့မပါချေ၊ ခြေနှစ်ဖက်မှာ တတိယပုံကဲ့သို့ထပ်လျက်ယှိသည်။ အလယ်ဆင်းတုတော်၏ ဘေးတဖက်တချက် ရံလျက် ဒူးတုပ်လျက်ဝပ်နေ သော ဆင်၏ ရှေ့ပိုင်း၊ ၎င်းအထက်ရပ်လျက်နေသောခြင်္သေ့၊ ၎င်းအထက် မကာရ်းပုံနှင့် တံကဲထိပ်ထီးတို့မှာ အထက်ဖေါ်ပြပါ ပုံများအတိုင်းပါယှိသည်၊ ပဌမပုံတွင်ပါယှိသည့်အတိုင်း ဆင်၏နှာမောင်းဖျားမှ စေတီလုံး ကလေးတခုကို ကြာပန်းခံ၍ကြာရိုးတံဖြင့် အထက်သို့ မြှောက်ပင့်ထားဟန်လည်းပါသည်၊ ပုံနှိပ်၍သော်၎င်း၊ လက်ရေးဖြင့်သော်၎င်းရေးမှတ်လျက်စာတမ်းများမပါ၊ အုတ်ခွက်၏အမြင့်မှာ၊ ၃ လက်မတမတ် သာသာ ယှိ၍ အကျယ်မှာ ၂ လက်မတမတ်လောက်ယှိ၏။

ပုံ (၁၀) မှအစပုံ (၁၄) အထိပုံတို့တွင်ပြထားသော အုတ်ခွက်ဆင်းတုတော်တို့မှာ တခုနှင့်တခု အနည်း ငယ် အဆင်တူကွာခြားကြသော်လည်း၊ လုပ်နည်းကိုင်နည်းတို့မှာ တမျိုးတည်းတစားတည်း ဖြစ်ခြင်းကြောင့်တ ကြောင်း၊ ၎င်းတို့ကိုတွေ့ယှိသောနေရာမှာလည်း တကုန်းတည်း တနေရာတည်းဖြစ်သဖြင့်တကြောင်းများကြောင့် ထိုအုတ်ခွက်တို့သည် တခုနှင့်ဘခု ကာလအပိုင်းအခြားမှာ ကွာခြားကြမည်မဟုတ်ပေ၊ ထို့ပြင် ၎င်းအုတ်ခွက် တို့ကို သရေခေတ္တရာမြို့ဟောင်းနေရာအနှံ့အပြား၌တွေ့ရသည်။ ရှေးဟောင်းစေဘီများဖြစ်သော ဘောဘောကြီး ဖုရား၊ ဖုရားကြီးဖုရားတို့မှာလည်း အမြောက်အများတွေ့ယှိရသည်၊ သို့သော်၎င်းတို့မှာ အပျက်အစီးများသဖြင့် အထက်ဖေါ်ပြပါအုတ်ခွက်တို့ကဲ့သို့ မထင်ရှားမသန့်ရှင်းလှချေ။

ပုံ (၁၅)။ ထိုမထောရွာဒေ့ဇ္ဈင့်ကန်ကုန်းမှ ပင်ဘဲဥပုံသဏ္ဍာန်ယှိသော အုတ်ခွက်ကလေး တဆူကိုတွေ့ယှိ ရသည်။ လက်ျာဖက်ထိပ်ပိုင်းပဲ့နေသည်။ အုတ်ခွက်၏ အလယ်အထက်ပိုင်းတွင် ခြေတော်ထပ်လျက် ယှိသော တင်ပလ္လင်ခွေကိုယ်တော်တဆူပါသည်၊ လက်နှစ်ဖက်ကိုကွေး၍ လက်ရင်းကို အထက်သို့မြှောက်ပြီးလျှင် ကြာပန်း များကိုင်နေဟန်တူသည်။ ဆင်းတုတော်မှာပွန်းပဲ့နေသဖြင့် အဆင်းသဏ္ဍာန်ပျက်လျက်ယှိနေပြီ၊ မှန်းဆ၍ကြည့် ရလျှင် ဖုရားဆင်းတုတော်နှင့်မတူပဲ၊ ဖုရားလောင်းဆင်းတုတော်နှင့်တူသည်။ ထိုဆင်းတုတော်၏အောက်ဖက် အုတ်ခွက်၏ထက်ဝက်နီးပါးလောက်မှာပုံနှိပ်စာလေးကြောင်းရေးရေးမြင်ရသည်၊ မှန်းဆရခြင်းအားဖြင့် ထိုစာ မှာ အိန္ဒိယဘောင်ပိုင်းအက္ခရာနှင့် ရေ နှိပ်ထားဟန်တူသည်၊ သို့သော် အက္ခရာတို့မှာ အတော်ပင်ပြုန်းတီးလျက် ယှိနေသဖြင့် မဖတ်သာတော့ချေ။အုတ်ခွက်အမြင့်မှာ၊ ၃-လက်မသာသာယှိ၍၊ အကျယ်မှာ၊ ၂-လက်မသာသာ ယှိ၏ ပြထားသောပုံမှာအနည်းငယ်ချဲ့ထားသည်။

ပုံ (၁၆)။ ဓါတ်ပုံတွင် ပါယှိသည့်အတိုင်း အုတ်ခွက်တခု၌ မျက်နှာဖက်အလယ်တွင် ကြာပလ္လင်ထက် လက်တော်ဗယ်တင်ညာချ၊ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်နံဘေးတဖက်တချက်က ဒူးတဖက်ထောင် တဖက်လှည်းနှင့်ကြာပလ္လင်ထက် မင်းထိုင်ထိုင်နေသော ဆင်းတုတဆူစီပါသည်။ အလယ်ပုံမှာ ဖုရားဆင်းတုတော်ဖြစ်ပြီးနံဘေးတဖက်တချက်ယှိပုံတို့မှာ ဖုရားလောင်းတို့၏ဆင်းတုတော်များဖြစ်ကြ၏။ အလယ်ပုံ၏ အောက်ဖက်တွင်ရှေးဟောင်းနာဂရီအက္ခရာဖြင့် ပုံနှိပ်လျက်''ယေဓမ်မေဟတုပြဘဝါ'' အစယှိသော ဂါထာကလေးပါ၏။

ပုံ (၁၇)။ ထိုဧရှင့်ကန်ကုန်းတွင် ဆက်လက်တူးဖေါ်ရာ အုတ်ခွက် ဆင်းတုတော်တမျိုး အမြင့်အားဖြင့် ၅ လက်မ၊ အကျယ်အားဖြင့် ၃ လက်မတမတ်၊လေးထောင့်စပ်စပ်ရှိပြီး ထိပ်ဖက်၌ အနည်းငယ်ဝိုင်းသွားပြီးလျှင် ကြာခွက်ပုံသဏ္ဍာန်ယှိ၏။ အုတ်ခွက်၏မျက်နှာပြင်တွင် အလယ်ရှိနောက်ခံတံကဲနှင့် ထီးအုပ်လျက် ကြာပလ္လင်ပေါ်တွင် လက်တော်ဗယ်တင်ညာချထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဖုရားဆင်းတုတော်တဆူပါသည်၊ ကြာပလ္လင်အောက်တွင် ပြော့ပလ္လင်ခံလျက် မှန်ကူကွက် ၃ ကွက်ဖေါ်၍ ထောင့်ချိုးမိရိုဝိုင်းသဏ္ဍာန်ခံလျက်ယှိ၏။ အလယ်မှန်ကူကွက်မှာဘေးမှန်ကူကွက်များထက် တဆခန့်ကြီးပြီး၊အလယ်မှန်ကူကွက်အတွင်းဘီလူးပန်းဆွဲသဏ္ဍာန်ခြင်္သေ့ရုပ် တရုပ်၏ ဝပ်လျက်နေဟန်ရှေ့ပိုင်းကို မြင်ရ၏၊ ၎င်းနံဘေးတဖက်တချက်ယှိ မှန်ကူကွက်တို့တွင် သစ်သီးများကို ခွမ်းအုပ်ဖြင့်ထည့်၍ပူဇော်ထားဟန် တခုစီပါသည်။

ကြာပလ္လင်ထက်တွင် တင်ပြင်ခွေလျက်ထိုင်နေတော်မူသော အလယ်ဆင်းတုတော်ပုံ၌ လက်ဝဲဖက်ပခုံးထက် စမွယ်တင်ထားသော ကေသီသက်န်းမှာ အနားစွန်း၏ခေါက်ရိုးစတို့သာလျှင် ထင်ပေါ်၏။ တင်ပြင်ခွေထိုင်နေပုံမှာ ခြေနှစ်ဖက်ချိတ်လျက်ယှိ၏၊ ကိုယ်လုံးတော်မှာ ရင်သားဖြိုးဖြိုးမောက်မောက်မယှိပဲ၊ ပုံတော်နှင့်မလိုက်အောင်ရှည်လျားသော ကိုယ်လုံးတော်ယှိ၏၊ နှာတံတော်မှာ အဖျားပွသည်။ ဥဿျောင်တော်မှာ ပုံ့ပုံ့သာတင်သည်၊ မှခ်ဂုံးသဏ္ဍာန်ယှိသော နောက်ခံတံကဲ ၂ ထပ်မှ ရောင်ခြည်တော်များထွက်လျက် နေဟန်ပါသည်။ တံကဲအထက်အရွက်အနားပတ်လည်ကြာယပ်များဆိုင်းလျက် ပါယှိသော ထီးအောက်မှ တဖက်တချက်ဗေါ်ဓိအကိုင်းအခက်များသဏ္ဍာန် သစ်ကိုင်းသစ်ခက်တို့ထွက်လျက်နေသည်။ ထီး၏အထွဋ်မှာ သုံးမွှာယှိသော ခက်ရင်းခွနှင့်တူသည်၊ ဆင်းတုတော်၏ နံဘေးတဖက်တချက်၌ ကြာပလ္လင် အခြေအရင်းမှ ထွက်လျက်ယှိသော ကြာရိုးကြာတံတို့နှင့် ကြာပွင့်ပေါ်တွင် ထီးမိုးလျက်ယှိသော စေတီလုံးကလေးတဆူစီပါသည်။ စေတီကလေး၏ထီးပုံမှာ အလယ်ဆင်းတုတော် တံကဲအထက်တွင် ပါသောထီးနှင့် တပုံစံတည်းဖြစ်သည်။ စေတီတော်တဖက်တချက် အထက်အောက်တန်းလျက် ရောင်ခြည်များထွက်လျက် နေဟန်ပါသည်။ ရောင်ခြည်တော်ပုံတို့မှာ အင်္ကျီချိတ်ကလေးများ ပုံသဏ္ဍာန်ယှိသည်။

အခြားသတိမူသင့်ပေသော အချက်တချက်မှာ၊ ထိုအုတ်ခွက်အထက်ပိုင်းနား၌ တံကဲ၏ထိပ်ပိုင်း တဖက်တချက်တွင် ရှေးဟောင်းနာဂရီအက္ခရာဖြင့် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ဂါထာကလေးကို ရေးထိုးပုံနှိပ်လျက်ပါယှိသည်၊ ထိုအက္ခရာစာလုံးတို့၏ပုံသဏ္ဍာန်တို့ကို ထောက်ချင့်ရခြင်းအားဖြင့် ပုံနှိပ်စာမှာ အေ၊ဒီ၊ ရှစ်ရာစု၊ ကိုးရာစုနှစ်အတွင်းခန့်က စာဖြစ်သည်ဟု ခန့်မှန်း၏။ ( ပုံ ၁၇ )။ ထို့ပြင် အုတ်ခွက်၏ ကျောဖက်တွင် ပျူအက္ခရာဖြင့် ပျူစာတကြောင်းပါယှိ၏၊ (ပုံ ၁၇ က)။ ထိုစာကို လက်ငင်းမြန်မာအက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

॥ ဗံး စ ဧ ကေ်ာ

ထိုစာ၏အဓိပ္ပါယ်မှာ ဗံး ဆိုသောစကားတလုံး၏ အဓိပ္ပါယ် (အရှင်) ကိုထောက်၍ စကေ်ာ ဆိုသည်မှာ အလှူရှင်၏အမည်ဖြစ်သည်ဟု မှန်းဆရာ၏။ အုတ်ခွက်အတိုင်း အတာမှာအမြင့်–၅–လက္ခ နီးပါး၊ အကျယ် ၃–လက္မသာသာယှိ၏။

(ပုံ ၁၈)။ ထိုဘနေရာဘည်းတွင် တွေ့ယှိရသော အခြားအုတ်ခွက် တမျိုးမှာ အကောင်းပြကတော့ဆိုလျှင် အမြင့်မှာ ၅–လက္မနီးပါးယှိ၍ အနံမှာ ၄–လက္မယှိပြီး လေးထောင့်စပ်စပ်မှန်ကူကွက်သဘောယှိ၏။ မျက်နှာဖက်တွင် ဘောင်ခတ်၍ ကျောဖက်မှာ ခပ်ခုံးခုံးနေ၏။ ယခုအတိုင်းဆိုလျှင် အုတ်ခွက်၏လက်ျာဖက် အထက်ပိုင်းထောင့်မှ ထက်ဝက်သာသာကျိုးလျက်ယှိ၏၊ သို့သော်မျက်နှာဖက်ယှိ အလယ်ဆင်းတုတော်မှာ အနည်းငယ် ပွန်းပဲ့မှေးမှိန်နေသည်မှအပ ထင်ရှားလျက်ယှိသေး၏။ ၎င်းအတိုင်းမှာ အလယ်ဆင်းတုတော်သည်၊ နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ်ထက် လက်တော်ဗယ်တင်ညာချ တင်ပြင်ခွေလျက်ထိုင်နေဟန်ဖြစ်၏။ တင်ပြင်ခွေ ခြေချိတ်ပုံမှာ အထက်က (ပုံ ၁၇)တွင် ပါသည့်အတိုင်း စိပ်စိပ်ဘင်းတင်း မဟုတ်ပဲ ခပ်ကျဲကျဲထိုင်နေဟန်ဖြစ်၏၊ သို့သော် ညာဖက်လက်တော်မှာ ခပ်တန်းတန်းထားလျက် လက်ဝါးတော်မှာ ဒူးပဆစ်ကွေ့ပေါ်မှ မှောက်လျက်အောက်သို့ချလျက်ယှိ၏။ ကိုယ်လုံးတော်ဘဖြိုးဘည်းသွားပုံ၊ မဏိတော်နှင့် ဥဿျောင်ပုံတို့မှာ အထက်ဖေါ်ပြပါပုံနှင့် တပုံစံတည်းလောက်ဖြစ်၏၊ ကြာပလ္လင်အောက်ခံပြေ့ပလ္လင်၏ ဘေ.တိုင်နှစ်တိုင်ခြား၊ မှန်ကူကွက်အတွင်းတွင် ပုံနှိပ်စာတကြောင်းပါ၏။ သို့သော် ၎င်းပုံနှိပ်စာမှာ မှေ့မှိန်လျက်ယှိနေသဖြင့် အက္ခရာစာလုံ့ပုံများကိုပင် မမှန်းဆနိုင်ချေ။ ထိုပလ္လင်အထက် တဖက်တချက် ဖေါင်းရစ်စွန်းမှ လှေဦးသဏ္ဍာန် အထက်သို့ မကာရ်းသဖွယ် ကော့တက်သွားပြီးလျှင် ဦးဖျားမှသားမြီးယပ်နှင့်တူသော တမ်းခွန်လုံးဆွဲလျက် တမ်းခွန်တိုင်တခုစီ ထူထားဟန်တူ၏၊ တံကဲတိုင်ထိပ်ထုပ် အစွန်းနှစ်ဖက်မှလည်း ထိုနည်းတူစွာ မကာရ်းနှာမောင်းဖျားမှ လခြမ်းသဏ္ဍာန် တမ်းခွန်ပြားတက်သွားဟန်တူ၏၊ ဆင်းတုတော်၏ မဏိတော်ကို ဝိုက်လျက် ရောင်ခြည်တော်ဗက်ဝန်း အထက်ကြာယပ်ပုံအပိုင်းအစကိုလည်း တွေ့မြင်နိုင်၏။တံကဲ၏ ဘေးဘဖက်အချက်မှလည်း ရောင်ခြည်တော်ဘွက်နေပုံများပါ၏။ မှော်ဇာမြို့ မထောရွာ ၎ှင့်ကန်ကုန်းအနီး၌တွေ့ယှိရသော အခြား ထူးခြားထင်ရှားသော အုတ်ခွက်ဆင်းတုဘော်ဘို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

(ပုံ ၁၉)။ အုတ်ခွက်မှာ အထက်ပိုင်းနှင့် အောက်ပိုင်းကျိုးနေသဖြင့် မူလပုံကို ကောင်းစွာမမှန်းသာချေ။ သို့သော်ကျန်လျက်ယှိသေးသော အလယ်ပိုင်းကို ထောက်ချင့်ရခြင်းအားဖြင့်၊ ‘မူလအုတ်ခွက်သည် ဘဲဥပုံသဏ္ဍာန်ယှိသည်ဟု မှန်းဆရာ၏။ အကျယ်မှာလည်း ၃ လက္မနီးပါးယှိ၏။ ထိုကျန်ယှိသေးသောအပိုင်း၌ အထက်အောက်ကန့်လျက် ရုပ်ပုံနှစ်တန်းပါယှိ၏။ ရုပ်ပုံများမှာလည်း ပြွန်းတီးလျက်ယှိ၏။ ယှိသမျှနှင့်ဆိုလျှင် အထက်တန်းတွင် ရုပ်ပုံငါးပုံပါ၏၊ အလယ်ပုံမှာ ဘေးတဖက်တချက်ယှိပုံများထက် အနည်းငယ်ကြီး၏၊ ၎င်းသည် ကြာပလ္လင်ပေါ်တွင် ခြေနှစ်ဖက်ထပ်လျက် လက်တော်များမှာ ဗယ်တင်ညာချ ထက်ဝယ်ဖွဲ့ခွေ နေထိုင်ဘော်မူသော ဖုရားပုံဖြစ်၏၊ မဏိဘော်အထက် ဥဏှိသပုံတော်ကို ရေးရေးမြင်ရ၏။ သက်န်းတော်၏ ခေါက်ရိုးခေါက်စများကို မမြင်သာတော့ချေ။ နောက်ခံတံကဲမှာ ရောင်ခြည်တော်ပုံများဖြင့် အထက်အောက် ပြထား၏။ ဘေးတဖက်တချက်ယှိ ပုံတို့မှာ ရှေ့နောက်ဘန်းလျက် အလယ်ပုံကိုမျက်နှာမူ၍ ထီးများကိုင်ဆောင်းလျက် မိုးနေဟန်ဖြစ်၏။ ၎င်းတို့သည် ဒေါက်ချာပုံသဏ္ဍာန် မကိုဋ်ဆောင်းလျက် လူမဟုတ်ပဲ နတ်သိကြားများဟန်ဟန်တူ၏။ ကောင်းကင်ခရီးဖြင့်လာ၍တိမ်တောင်တိမ်လိပ်တို့ဖြင့်ဖုံးလျက်ယှိသဖြင့် ခါး၏အောက်ပိုင်းထက်ဝက်လောက်ကိုသာလျှင် မြင်ရ၏။ အောက်တန်း၌ လက်ဝဲဖက်က ရုပ်ပုံသုံးပုံ၊ လက်ျာဖက်က နှစ်ပုံပါ၍ ရှေ့နောက်ဘန်းလျက် ၎င်းတို့အထက်ယှိ အလယ်ပုံဖက်ကိုမျက်နှာမူ၍ ဒူးကိုထောက်ပြီးလျှင် အရိုအသေပြုလျက် ရှိခိုးနေကြဟန်ဖြစ်၏။ ထူးဆန်းသောအချက်တချက်မှာ လက်ဝဲဖက်ကပုံတို့မှာ ရင်သားများ မောက်လျက်ပါကြသဖြင့် မိန်းမရုပ်ပုံများနှင့် တူ၏။ အသီးသီး မကိုဋ်ဆောင်းလျက် ပါ၏။ လက်ျာဖက်က ရုပ်ပုံနှစ်ပုံအနက် ရှေ့ကပုံမှာ လက်လေးဖက် ပါသည်။ ခေါင်ခြည်တော် စက်ဝန်းနှင့် မကိုဋ်ဆောင်းလျက် ပါသည်။ အတွင်းဖက်မူရင်း လက်နှစ်ဖက်မှာ ရှိခိုးနေဟန်ဖြစ်သည်။ အပြင်ဖက် လက်ပွားနှစ်ဖက်မှာ ကွေးလျက် အထက်သို့မြှောက်ပြီးလျှင် ပူဇော်ရာဝတ္တုပစ္စည်းများကို ဆောင်းထားလျက် ပူဇော်နေဟန်တူ၏။ ၎င်း၏နောက်ဖက်ကပုံမှာမြင်းခေါင်းနှင့် လူကိုယ်ဖြစ်၏။ သင်္ကြိဋ္ဌ ဗုဒ္ဓဘာသာမဟာယာဉ်ဂိုဏ်းအလိုအားဖြင့်၊ ၎င်းမြင်းခေါင်းနှင့်လူကိုယ်မှာ ဟယဂြီဝနတ်၏ ပုံဟုဆိုကြ၏။ သို့သော် သာမနမာလာကျမ်း အလိုအားဖြင့် မြင်းခေါင်းမှာကြောက်မက်ဖွယ်ပုံသဏ္ဍာန်ယှိသော လူ့ခေါင်းကိုဆင့်လျက်ပါသည်ဟု ဆို၏။ ၎င်း၏လက်နှစ်ဖက်မှာ ကွေး၍ဘယ်ဖက်လက်သည် ရင်ကိုအပ်လျက် ယှိ၏။ ညာဖက်လက်မှာမူ ကွေး၍ လက်ချိုးလက်မောင်း ထပ်လျက်

လက်ဝါးကို ဖြန့်နေဟန်တူ၏။ ကောင်းစွာ မထင်ရှားချေ။ ၎င်းပုံသည် ဟယဂြီဝ၏ ပုံဖြစ်ခဲ့လျှင် ၎င်း၏ ရှေ့ဖက်ယှိ လက်လေးဖက်နှင့် ဒူးထောက်လျက်နေသောပုံမှာ အဝလောကိတေဇွရ ပုံဖြစ်လိမ့်မည်။ လက်ဝဲဖက်ယှိ ပုံသုံးပုံမှာယင်း၏ အခြွေအရံများပင် ဖြစ်ကြလိမ့်မည်။ ၎င်းတို့အောက်၌ လက်ျာဖက်တွင် ကျန်ယှိသေးသော အုတ်ခွက်၏ အစွန်းနားတွင်ကပ်လျက် ရှေးဟောင်းနာဂရီအက္ခရာနှင့် စာနှစ်ကြောင်း၏အပိုင်းအစတို့ကိုရေးရေးမြင်ရ၏။ ၎င်းကိုထောက်၍ ဤအုတ်ခွက်မှာ အေ၊ ဒီ၊ ရှစ်ရာစုနှစ်ခန့်က အုတ်ခွက်ဖြစ်သည်ဟု မှန်းဆရာ၏။

ပုံ (၂၀)။ ဘဲဥပုံသဏ္ဍာန်ယှိသော အုတ်ခွက်ဆင်းတုတော်ကလေး တဆူ။ လက်ဝဲဖက်နခမ်း အနည်းငယ်ပဲ့နေသည်။ အမြင့် ၂ လက်မ တမတ်၊ အချင်းမှာ ၁ လက်မ သုံးမတ်ခန့်ယှိ၏။ မျက်နှာဖက်တွင် ကြာပလ္လင်ပေါ်၌ လက်တော်ဗယ်ဘင်ညာချ တင်ပြင်ခွေဆင်းတုတော်ကလေးတဆူ ပါသည်။ ဆင်းတုတော်နှင့်ပလ္လင်တို့မှာ ပြွန်းတီးလျက် ယှိနေသဖြင့် မထင်ရှားတော့ချေ။ နောက်ခံတံကဲမှာလည်း မမှန်းဆသာတော့ချေ။

ပုံ (၂၁)။ အုတ်ခွက်မှာဂုံးချွန်ပုံသဏ္ဍာန်ယှိ၏။ မျက်နှာဖက်တွင် အလယ်၌ပြော့ပလ္လင်ထက် လက်တော်ဗယ်ဘင်ညာချနှင့် တင်ပြင်ခွေဆင်းတုတော်တဆူ၊ ဘေးခံစေတီတော်ကလေး အောက်ခံပလ္လင်နှင့် တဆူပါ၏။ အုတ်ခွက်မှာမထင်ရှားပဲ သေးငယ်သော အုတ်ခွက်ကလေးတဆူဖြစ်၏။ အမြင့် ၂ လက်မတမတ်၊ အောက်ခြေအကျယ် ၁ လက်မခွဲယှိ၏။ ခေတ်ပုံမှာ အနည်းငယ် ချွဲသားသော ပုံဖြစ်၏။

ပုံ (၂၂)။ အုတ်ခွက်၏ မျက်နှာဖက်တွင် နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ်ထက် တင်ပြင်ခွေဗုဒ္ဓရုပ်ပွားတော် တဆူပါ၏။ လက်တော်များမှာ ဗယ်တင်ညာချ ဖြစ်ပြီး တင်ထားသော ဗယ်လက်တော်မှာ သပိတ်ကို ပိုက်လျက်ပါ၏။ ဘေးတဖက်တချက် စေတီရံ ကလေးနှစ် ဆူပါ၏။ စေတီတော်ကလေးများမှာ ကြာဖူးသဏ္ဍာန်ဖြစ်၍ ကြာရိုးကြာတံပါသော ကြာပွင့်ပေါ်တွင်တည်လျက် ယှိကြ၏။ အုတ်ခွက်မှာ ဂုံးဝိုင်းပုံသဏ္ဍာန်ယှိ၏။ အမြင့် ၄ လက်မ၊ အောက်ခြေ အကျယ် ၂ လက်မခွဲ ယှိ၏။

ပုံ (၂၃)။ အုတ်ခွက်မှာ ဂုံးချွန်ပုံဏ္ဍာန်နှင့် အမြင့် ၄ လက်မ၊ အောက်ခြေ အကျယ် ၂ လက်မ ယှိ၏။ မျက်နှာဖက်တွင် ကြာပလ္လင်ပေါ်ထက် နောက်ခံတံကဲနှင့် လက်တော်ဗယ်တင်ညာချ၊ တင်ပြင်ခွေဗုဒ္ဓ ရုပ်ပွားဆင်းတုတော်တဆူပါ၏။ ဘေးရံစေတီကလေး၊ လေးဆူစီအောက် အထက်တန်းလျက်ပါ၏။ တံကဲအထက်အရိုးစိုက်လျက် ထီးတစင်းပါ၏။ ထီး၏ ဘေးတဖက်တချက်တွင် ဗေါဓိအကိုင်းအခက်တို့ ပါ၏။ အောက်ခြေနားကပ်လျက် ကြာပလ္လင်အောက်တွင် ရှေးဟောင်း နာဂရီအက္ခရာနှင့် စာနှစ်ကြောင်း ပါ၏။ စာတို့မှာ ပျက်စီးမှေးမှိန်လျက် ယှိနေသဖြင့် ကောင်းစွာမဖတ်သာချေ။ သို့သော်အက္ခရာများ၏ ပုံသဏ္ဍာန်နှင့် အစီအစဉ်များကိုကြည့်ရှုရသဖြင့် စာတမ်းမှာ ''ယေဓမ္မာဟေတုပြဘဝါ''အစယှိသော ဂါထာကလေးဖြစ်ဟန်တူ၏။ အုတ်ခွက်၏ ပုံသဏ္ဍာန်နှင့် မွမ်းမံခြယ်လယ်ထားပုံ အဆင်အပြင်ကို ကြည့်ရှုရခြင်းအားဖြင့်လည်း ပုဂံထက်နီးနီးကပ်ကပ်ယှိဟန်တူ၏။

ပုံ (၂၄)။ အုတ်ခွက်၏ ပုံမှာ ဘဲဥ၏ သဏ္ဍာန်ယှိ၏၊ အမြင့်မှာ ၃-လက်မနီးပါးယှိ၍ အကျယ်မှာ ၁-လက်မခွဲသာသာယှိ၏၊ ဤအုတ်ခွက်၏ ထူးခြားချက်မှာ မျက်နှာဖက်တွင်ပါသော ပုံသည်ဖုရား ဆင်းတုတော်ပုံမဟုတ်ပဲ နဲ့နှောင်းပြောင်းသော အမူအရာနှင့် ကြာပွင့်ပေါ်တွင် မတ်တပ်ရပ်လျက်နေသော မိန်းမပုံဖြစ်၏၊ ဆံပင်ကိုကြိုးဖြင့်ချည်ပြီးမှ၊ ဦးခေါင်းထက်၌ ဆံတုံးထုံးထားဟန်ယှိ၏၊ ခေါင်းကိုဝိုက်၍ ရောင်ချည်စက်ဝန်းသဏ္ဍာန်ပါ၏။ ပုတီး၊ လက်ကြိုး၊ နားပန်၊ ခါးပတ်များ ဝတ်ဆင်လျက်ပါ၏။ ၎င်း၏ လက်ျာဖက်လက်ကိုကိုယ်နှင့်ကပ်လျက် အောက်သို့တန်းချပြီးလျှင် တတောင်ဆစ်မှအနည်းငယ် အထက်သို့ကွေး၍ လက်ကိုဖြန့်လျက် ဆုပေးနေဟန်ပါသည်။ ဗယ်ဖက်လက်မှာ တတောင်ဆစ်ကွေးလျက် ပခုံးနှင့်တပြေးတည်း အပြင်ဖက်သို့ တက်နေသော ကြာပန်း၏ ကြာရိုးကိုလက်ဖြင့် ကိုင်လျက်ယှိ၏။ လက်ျာဖက်ပခုံးထက်နားတွင် စေတီ

လုံးကလေးတဆူပါ၏။ အုတ်ခွက်၏ မျက်နှာပြင်တွင် ကပ်လျက်ယှိနေသော နေရာတို့၌ ရှေးဟောင်းနာဂရီ အက္ခရာတို့ဖြင့် ရေးထိုးပုံနှိပ်၍ ပါယှိသော ''ယေဓမ္မာဟေတုပြဘဝါ'' အစယှိသော ဂါထာကိုထောက်၍ မိန်းမရုပ်သည် ဗုဒ္ဓဘာသာ မဟာယာဥ်ဂိုဏ်းအလိုအားဖြင့် တာရာဒေဝီရုပ်ဖြစ်သည်ဟု ခေါ်ဆို၏။ တာရာ ဒေဝီသည် ဗုဒ္ဓဘာသာမဟာယာဥ်ဂိုဏ်းတွင် မိန်းမတို့နှင့်သက်ဆိုင်သော အခန်း၌အတော်ပင် ထင်ရှား၏။ အဝလောကိတေဇွရ၊ သို့မဟုတ် လောကနာထ ဖုရားလောင်း၏ ကြင်ယာတော်ဖြစ်၏။ ခေတ်အလိုအားဖြင့် ''ယေဓမ္မာဟေတုပြဘဝါ'' အစချီလျက် ဂါထာတွင် ပါယှိသော အက္ခရာတို့၏ ပုံသဏ္ဌာန်ကို ထောက်၍ အုတ်ခွက်မှာ အေ၊ ဒီ၊ ရှစ်ရာစုနှစ်ခန့်က အုတ်ခွက်ဖြစ်သည်ဟု မှန်းဆရာ၏။ အုတ်ခွက်တို့မှာ ပြုန်းတီးလျက် ယှိနေသဖြင့် သုဘေသီတို့ ပုံကိုမှန်းဆနိုင်ကြရန် ပုံနှစ်ပုံကိုဘပုံတည်းပြုလုပ်၍ ပြထားလိုက်သည်။

## မှော်ဇာရွာမြင်ဗါဟုဖုရားတွင်
## တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်များ။

အထက်တနေရာတွင် ဖေါ်ပြခဲ့သည့်အတိုင်း မြင်ဗါဟုဖုရားသည်၊ ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော် စေတီတဆူဖြစ်သည်ဟုဆို၏၊ ၎င်းဖုရားသည် မှော်ဇာရွာအနောက်ဖက်ယှိ တောင်ကုန်းပေါ်တွင်တည်လျက် ယှိ၏၊ ဒုတိယစစ်ကြီးမဖြစ်မီ ဆယ်နှစ်ခန့်က၎င်းဖုရားသည်ပြိုကျပျက်စီးလျက်ယှိနေရာ၊ ရဟန်းတော်တပါး၊ ကမ္မကထ ပြုလုပ်၍ထပ်မံပြုပြင်နေခိုက်၊ ထိုဖုရားကုန်း၌ တွေ့ယှိရသော အုက်ခွက်ဆင်းတုတော်တို့အနက် အနည်းငယ် ရွေးချယ်ပြီးလျှင် နောင်လာနောက်သားတို့ ကြည်ညိုနိုင်ကြရစေခြင်းငှါ မန္တလေးမြို့ ကျောက်စာဌာနတွင် သိမ်းဆည်းထားခဲ့၏။ ၎င်းတို့ကိုယခုထပ်မံလေ့လာပြီးလျှင် ဤစာတမ်းတွင် ဖြည့်သွင်းရေးသားဖေါ်ပြလိုက်ပါသည်။ •

ပုံ (၂၅)။ သရေခေတ္တရာမှ အုတ်ခွက်တို့မှာ ပုဂံခေတ်အုတ်ခွက်များနှင့်မတူအကျိုးအပွဲ့သာများပြီးလျှင် နှစ်ကာလကလည်း ကြာမြင့်သဖြင့် ၎င်းတို့၌ သွန်းလုပ်လျက်ပါသော ရုပ်တုဆင်းတုအက္ခရာစာလုံး ပန်းပြောက်ပန်းခက်တို့မှာမှေးမှိန်လျက်ယှိနေခြင်းသာတွေ့ရ၏၊ ယခုပုံတွင်ပြထားသော အုတ်ခွက်မှာ ညောင့်ရွက်ပုံသဏ္ဌာန်ယှိ၏။၎င်း၏အတိုင်းအတာမှာအမြင့် ၄ လက်မ၊ အချင်း ၃ လက်မခွဲယှိ၏။ အုတ်ခွက်ထိပ်ပိုင်းတွင် အနည်းငယ်ကျိုးပွဲ့လျက် ယှိနေသည်မှအပ၊ အုတ်ခွက်၌ပါသော ဆင်းတုနှင့်စာအစယှိသည်တို့ကို မှန်းဆနိုင်သေး၏၊ ဆင်းတုတော်မှာရောင်ခြည်တော်စက်ဝန်းခံလျက် ကြာပလ္လင်ပေါ်တွင် ခြေနှစ်ဖက်ကိုချိတ်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူဟန်ဖြစ်၏။လက်နှစ်ဖက်ကိုထပ်၍ တင်ပြင်ခွေပေါ်တွင် တင်ထားသဖြင့်၊ ၎င်းကိုဈာန်သမာပတ်ဝင်စားနေဟန်ဟုသင်္ကေတပြုလုပ်ခေါ်ဆိုကြ၏။ သင်္ကန်းတော်မှာပါးလျှပ်၍အစွန်းအစမှ ခေါက်ရိုးခေါက်တွန့်တို့ဖြင့်သာ မှတ်ထင်ရ၏။ ဆင်းတုတော်မှာအပေါက် အပွဲ့အပျက်အစီးတို့များ၏၊ မဏိတော်အထက် ဥဏှိုသပုံတော်ထင်ရှားသေး၏။ဆင်းတုတော်၏ဘေးတဖက်တချက်တွင်ဖေါင်းကြွလျက်နေသော ဗိန္ဒုပုံသဏ္ဌာန်အပိုင်းကလေးငါးခုအထက်အောက်စီဘန်းလျက်ပါ၏။ ထိုအပိုင်းတို့မှာ မည်သည့်ကိုရည်မှန်း၍ လုပ်ထားကြောင်း၊ မည်သည့် အထိမ်းအမှတ်ဖြစ်ကြောင်းကို သေချာစွာမသိရချေ။ အချို့ပညာယှိတို့က ထိုအပိုင်းကလေးတို့မှာ စေတီငါးဆူကိုရည်မှန်း၍ပြုလုပ်ထားသည်ဟုယူဆကြ၏။ သို့ရာတွင် ၎င်းအုတ်ခွက်နှင့် အလားတူအုတ်ခွက်တဆူ၌ အပိုင်းကလေး ၃ ခုစီပါ၏။ ထိုအပိုင်းကလေးတို့မှာ–ဝ–လုံးသဏ္ဌာန်ယှိပြီးအတွင်းတွင်သော ငွတ္တိက–ရွှတ္တိကခေါ် ရဟတ်စက်ကလေးသဏ္ဌာန် တခုစီပါယှိ၏။ ထိုရဟတ် စက်ကလေး အပြင်ဖက်မှ ကပ်လျက် စက်ငန်းသဏ္ဌာန်အပိုင်းကလေးဘခုပါသေး၏။ ထိုအပိုင်းကလေးအပြင်ဖက်မှ နေရောင်ခြည်သဏ္ဌာန် ရောင်ခြည်ပုံများထွက်ယှိ၏။ ပုံ (၂၆)။ ထိုရောင်ခြည်ပုံများနှင့် စက်ဝန်းအတွင်းယှိ ရဟတ်ပုံများကို အစွဲပြု၍၊ ၎င်းစက်ဝိုင်းကလေးတို့သည်နေကိုရည်မှန်း၍ မင်္ဂလာအထိမ်းအမှတ်ဖြစ်သည်ဟုယူဆရာ၏။ ထိုနည်းတူ ပဌမအုတ်ခွက်တွင် ပါသော စက်ဝိုင်းကလေးလောက် မထင်ရှားသော်သည်း နေ၏အထိမ်းအမှတ် ဖြစ်ကြသည်ဟု ယူဆရာ၏။ထို အထိမ်းအမှတ်ဘို့၏အပြင်ဖက်၌ အလယ်ဆင်းတုတော်ကိုဝိုက်လျက်နန်းကြိုးပုံနှင့် ၎င်း၏အပြင်ဖက်မှရောင်ခြည်တော်ပုံများပါယှိ၏၊ ထိုအုတ်ခွက်၏ခေတ်ကာလအပိုင်းအခြားကို သတ်မှတ်မှန်းဆနိုင်ရန် အုတ်ခွက်၏နမ်းအတိုင်း ဝိုက်၍ ရှေးဟောင်းနာဂရီအက္ခရာဖြင့်ရေးထိုးပုံနှိပ်လျက်စာတကြောင်းပါယှိ၏၊ ထိုစာမှာအခြားမဟုတ် ''ယေ

မဒ္ဒာပဟေတုပြဘဝါ'' အစချီလျက်ပါသော ဂါထာပင်ဖြစ်၍၊ ၎င်းစာသည်လည်း အတော်ပင် ပွန်းပဲ့ပျက်စီးလျက်ယိုနေပြီ။ သို့သော်စာ၏အဆုံးနား၌ တော်တော်ကလေးထင်ရှား၍ မှန်းဆနိုင်သေးသော အက္ခရာစာလုံးခြောက်လုံးကိုတွေ့ယူရသေး၏။ ၎င်းတို့၏ ပုံသဏ္ဍာန်တို့ကိုထောက်၍ ထိုအက္ခရာတို့သည် အေ၊ ဒီ၊ ၇–ရာစုနှစ်နှင့် ၈–ရာစုနှစ်အတွင်းကအရေးအသားဖြစ်ကြောင်းကိုမှန်းဆရ၏၊ ထိုနည်းတူစွာ၎င်းစာပါသော အုတ်ခွက်ဆင်းတုတော်သည်လည်း အေ၊ ဒီ၊ ၇–ရာစုနှစ်နှင့် ၈–ရာစုနှစ်အတွင်းက ဖြစ်ကြောင်းကို ခန့်မှန်းရ၏။ ပုံ(၂၆)တွင် ပြထားသော ဒုတိယအုတ်ခွက်သည်လည်း ထိုခေတ်လောက်ကပင်ဖြစ်သည်ဟုယူဆရ၏။

ပုံ(၂၇)။ နခမ်းဘောင်သေးသေးခတ်၍ ဘဲဥပုံသဏ္ဍာန်နှင့် အုတ်ခွက်တမျိုးမှာ မျက်နှာပြင် အလယ်ကြာပလ္လင်ထက်ရိုးရိုးထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်ကလေးတဆူပါယို၏။ ၎င်းဆင်းတုတော်ကလေး၌လည်းမျက်နှာတော်၊ ခြေတော်၊ လက်တော်တို့မှာပြွန်းတီးလျက်ယိုနေပြီ၊ နံဘေးတဖက်တချက်၌ စေတီလုံးကလေးတခုစီပါ၏၊ ဆင်းတုတော်အောက်၊ အုတ်ခွက်၏အောက် နခမ်းကင်လျက်လည်း စေတီလုံးကလေးလေးဆူစီတန်းလျက်ပါ၏။ မျက်နှာဖက်ကျောဖက်တို့၌စာများရေးထိုးမှတ်သားလျက်မပါယို၍။ သို့သော် အရံစေတီကလေးများက အုတ်ခွက်၏ ခေတ်ကာလ အပိုင်းအခြားကို သတ်မှတ်ပေးနိုင်ခြင်းလက္ခဏာယို၏၊ ယိုပုံမှာ ထိုစေတီတော်ကလေးများ၏ပုံသဏ္ဍာန်တို့သည် အောက်ခြေမှခုံခံ၍ခြင်းကြားကြီးသဏ္ဍာန် လုံးတက်သွားပြီးလျှင် အထက်နား၌ ခပ်ချွန်းချွန်းစုလျက်နေ၏။ထီးပုံများလည်းရေးရေးမြင်ရ၏၊ ထိုကဲ့သို့သောပုံသဏ္ဍာန်နှင့်ဘောဘောကြီး ဖုရားပုံသဏ္ဍာန်နှင့် နှိုင်းယှဉ်ရာ၏၊ဘောဘောကြီးဖုရားဟုအမည်တွင်လျက် ဖုရားကြီးတဆူမှာ သရေခေတ္တရာမြို့တွင် ယခုထက်တိုင်တည်လျက်ရှိသေး၏၊ မှန်နန်းမဟာ ရာဇဝင်တော်ကြီး အလိုအားဖြင့် ထိုဖုရားကြီးသည်လည်း ဒွတ္တပေါင်မင်း၏ကောင်းမှုတော်တို့တွင် တဆူအပါအဝင် ဖြစ်သည်ဟုဆို၏။ ဤအတိုင်းဆိုလျှင် ထိုဘောဘောကြီးဖုရားသည် သာသနာနှစ် တရာ့တစ်နှစ်လောက်က တည်ဆောက်ခဲ့သောဖုရားဖြစ်၏။ ထိုလောက်ပင်ရှေးကျ၍ ယခုခေတ်ကာလအထိ မူရင်းတည်ပုံအတိုင်းတည်ဆောက်ခိုင်မြဲနေဟန်ဖြစ်နိုင်ဘို့ရာ ခဲယဉ်းမည်ဟုဆိုစေကာမူ၊ ထိုဖုရားကြီးတွင်တွေ့ယူရသော ရှေးဟောင်းပစ္စည်းများ၏ အခြေအနေပုံပန်း လက္ခဏာတို့ကိုထောက်၍ သုတေသနအမြင်အားဖြင့် ထိုဖုရားကြီးသည်၊ အေ၊ ဒီ၊ ခြောက်ရာစု–ခုနစ်ရာစုနှစ်အတွင်းလောက်က ဖုရားကြီးဖြစ်ကြောင်းကိုမှန်းဆသိယူနိုင်ရာ၏၊ဤသို့အားဖြင့်အထက်ဖေါ်ပြပါ အုတ်ခွက်သည်လည်း အေ၊ ဒီ၊ ခုနစ်ရာစုနှစ်လောက်က အုတ်ခွက်ဖြစ်ကြောင်းကိုခန့်မှန်းရာ၏၊ အတိုင်းအတာမှာ အမြင့် ၃ လတ်မတမတ်၊ အချင်း ၂ လက်မခွဲယို၏။

(ပုံ ၂၈) မှာဘဲဥပုံသဏ္ဍာန်ယို၍ ကြိုးဝိုင်းနှင့် ၎င်းအပြင်ဖက်မှ ပုလဲလုံးကလေးများစီလျက် အနားသတ်ထား၏။ ထိုကြိုးဝိုင်းအတွင်း အထက်အောက်နှစ်ခန်းကန့်၍၊ အထက်ခန်းအလယ်တွင် ကြာပလ္လင်ထက်ခြေနှစ်ဖက်ချိတ်လျက် တင်ပြင်ခွေ ဆင်းတုဘော်ဘဆူ တဖုရားဟောနေဟန်ပါ၏။ ၎င်း၏ဘေးတဖက်ဘချက်တွင် အလယ်ဆင်းတုတော်ဖက်သို့ ကိုယ်ကို ခပ်ယိမ်းယိမ်းထားလျက်။ (တြိဗင်–ပုံ)၊ ကြာပွင့်ထက် ရပ်ဘော်မူဟန်နှစ်ဆူပါ၏။ ထိုရပ်တော်မူတို့တွင် လက်ျာဖက်လက်က အောက်သို့တွဲလဲချပြီးလျှင် ဆုပေးနေဟန်၊ လက်ဝဲဖက်ကကွေးလျက် လက်ဝါးကိုဖြန့်၍ ဘေးကင်းရန်ကာဆီးဟန် တားဟန်ပြုနေပါသည်။ ၎င်းသုံးဆူကို ပေါင်းလိုက်သော် ဖုရားရှင် ယမက တန်းခိုးပြာဋိဟာပြနေဟန်ဖြစ်၏။ အောက်ခန်းတွင်လည်း ရုပ်တုသုံးဆူပါ၏၊ သို့သော် ၎င်းတို့သည် ဖုရားရှင်ရုပ်တုတော်နှင့်မတူကြပေ။ အလယ်ရုပ်တုမှာ ကြာပွင့်ထက်တင်ပြင်ခွေလျက် ထိုင်နေဟန်ဖြစ်၏။ ရုတ်တရက်ကြည့်လိုက်သော် မထင်မရှားပြွန်းတီးလျက် ယိုနေသဖြင့် ဖုရားရှင်ရုပ်တုတော်ဖြစ်သည်ဟုထင်ရ၏။ သို့သော် မဏိတော်ထက်၊ ဇဋာမကုဋ၊ ဆံကျစ်ထုံးပုံနှင့်တူသော ဆံထုံးပုံပါ၏၊ လက်နှစ်ဖက်မှာ လက်ျာဖက်က အောက်သို့တန်းလျက် လက်ျာဖက်ဒူးစွန်းပေါ်၌တင်ထား၏။ လက်ဝဲဖက်မှာကွေးလျက် ချိုင်းခြားအောက်မှ လက်ဝါးကိုဖြန့်လျက်ထားဟန်တူ၏၊ မဏိတော်ကိုဝိုက်လျက် ရောင်ခြည်တော်စက်ဝန်းပါ၏၊ ၎င်းထိုင်နေသော ကြာပွင့်အောက်မှ ကြာရိုးတို့ထွက်၍ ဘဖက်တချက် ကြာပွင့်ပေါ်တွင် ဒူးတဖက်ထောင်တဖက်ချ ဘေးတိုက်ပုဆစ်တုပ်လျက်ထိုင်နေသော မိန်းမရုပ်တရုပ်စီပါ၏။ အလယ်ပုံ၏ လက်ျာဖက်မှ မိန်းမရုပ်မှာ လက်နှစ်ဖက်ကိုကွေးလျက် ရှိခိုးနေဟန်ဖြစ်၏။ တဖက်ယိုမိန်းမရုပ်မှာ လက်လေးဖက်ပါသည်။ လက်တက်

ပွါးလက်နှစ်ဖက်မှာကွေးလျက် အထက်သို့မြှောက်ပြီးလျှင် ကြာရိုးကြာတံနှင့် ကြာပွင့်များကို ကိုင်ထားဟန်တူသည်၊ ရေးရေးသာမြင်ရသည်၊ နဂိုရှိလက်နှစ်ဖက်အနက် လကျာ်ဖက်မှာ ခပ်လျှည်းလျှည်းထောင်လျက်ယှိသောပေါင်ပေါ်တွင် ထောက်တင်၍ လက်ဖျားဌါပစ္စည်းတခုကိုကိုင်ထားသည်။ လက်ဝဲဖက်လက်ကို နောက်သို့ပစ်လျက် တင်ပါးဆုံကို လက်ဖျားဖြင့်ထောက်ထားဟန် တွေ့မြင်ရသည်။ ၎င်းပုံတို့၏အမည်များကို သေချာစွာ မပြောဆိုနိုင်ချေ။ သို့သော်မှန်းဆချက်အားဖြင့် ပြောရမည်ဆိုလျှင်၊ အလယ်ပုံမှာ အဝလောကိတေ္ဗိရခေါ် ဖုရားလောင်းပုံတော်နှင့်တူသည်။ ၎င်း၏လကျာ်ဖက်က မိန်းမပုံမှာ သူရဿတီ နတ်သမီးပုံနှင့်တူသည်၊ လက်ဝဲဖက်ယှိပုံမှာ တာရာဒေဝီနတ်သမီးပုံနှင့်တူသည်၊ သေချာသည့်အချက်တချက်မှာမူ၊ သရေခေတ္တရာပြည်၌ တရံခါအခါက ဗုဒ္ဓဘာသာ မဟာယာဉ်ဂိုဏ်းတံတြစ်ဝါဒသည် အကြီးအကျယ် ထွန်းကားလျက်ယှိကြောင်းကို ၎င်းပုံနှင့်တကွ အထက်ဖေါ်ပြပါ အလားတူပုံတို့က သက်သေခံလျက်ယှိသည်။ ထိုအုတ်ခွက်တွင် မူလက စာတမ်းတခုရေးသားပုံနှိပ်လျက်ပါယှိဟန်တူသည်။ သို့သော် ၎င်းသည်ပြုန်းတီးကုန်သဖြင့် အက္ခရာစာလုံးနှင့်တူသော အမှတ်အသားတို့ကို ရေးရေးသာ မြင်ရတော့သည်။ အုတ်ခွက်အမြင့် ၄ လက်မ၊ အချင်း ၂ လက်မ သုံးမတ်ယှိသည်။

(ပုံ ၂၉ က နှင့် ခ)။ ဤပုံနှစ်ပုံတွင်ပြထားသော အုတ်ခွက်နှစ်ဆူစလုံး၌ပါသော ဆင်းတုတော်များသည် မတ်ရပ်တော်များဖြစ်ကြသည်၊ ထိုမတ်ရပ်တော်နှစ်ဆူမှာ တူသယောင်ယောင်နှင့် တဆူနှင့်တဆူ အနည်းငယ် ကွဲပြားကြသည်။ ၎င်းတို့မှာ မင်းဝတ်တန်ဆာ အပြည့်အစုံနှင့် လက်လေးဖက်စီယှိကြတည်။ သို့သော် လက်တို့တွင် စွဲကိုင်ထားသောဝတ္ထုပစ္စည်းတို့မှာ၊ ပုံ (၂၉ က) တွင် လကျာ်ဖက် နှစ်ဖက်အနက် နဂိုရ်မူလ လက်မှာ အောက်သို့ဘန်းချလျက် အောက်သို့စိုက်ထားသော လုံ့စွပ်သဏ္ဍာန်ယှိသော တုတ်ပေါ်တွင်ထောက်ထားသည်။ လက်ပွါးမှာ တတောင်ဆစ်အနီးမှကွေး၍ အထက်သို့ထောင်ထားသော ယပ်တောင်ကို ကိုင်လျက်ယှိသည်။ (ပုံ ၂၉ ခ)တွင် ထိုယပ်တောင်နေရာ၌ တုတ်နှင့်တူသောပစ္စည်းတခုကိုထောင်၍ ကိုင်ထားသည်။ ၎င်း၏အောက်သို့တန်းချလျက်ယှိသောလက်မှာ ကြာပွင့်ခံသော လည်ပင်းရှည်နှင့် အိုးကလေးတခုကိုကိုင်လျက်ယှိသည်၊ လက်ဝဲဖက်နှစ်ဖက်စလုံး၊ မှာပင် (ပုံ ၂၉ ခ) ၌ ကြာပွင့်ကို ကြာရိုးကြာတံမှ ကိုင်လျက်ယှိသည်။ (ပုံ ၂၉ က) တွင် ပန်းခက်ဘခုကို အရိုးအတံမှကိုင်လျက်ယှိသည်။ ၎င်းပုံတော်ဘို့မှာ လောကေဗ္ဗိရဖုရားလောင်းပုံတော်များဖြစ်သည်ဟု မှန်းဆရသည်။ ဖုရားလောင်းပုံတော်တို့မှာ ဖုရားလောင်းများသလောက် ပုံတော်များမှာလည်း များပြားကြသည်။ လောကေဗ္ဗိရပုံတော်ဖြစ်သည်ဟု မှန် ဆချခြင်းမှာလည်း၊ မြန်မာပြည်၌ တွေ့ယှိရသော ဖုရားလောင်းပုံတော်တို့အနက် အရိမတ္တေယျဖုရားလောင်းပုံတော်နှင့် လောကနာထဖုရားလောင်းပုံဘော်တို့မှာ အထင်အရှားဆုံးဖြစ်သည်။ လောကေဗ္ဗိရ၊ အဝလောကိဘေဗ္ဗိရဆိုသည်မှာ လောကနာထနှင့် တမျိုးတည်းတစားတည်းလောက်ဖြစ်သည်ဟု ယူဆကြသည်။ ပုဂံဆက်၌ လောကနာသဖုရားလောင်းပုံတော်မှာ အတော်ပင်ထင်မှားခဲ့သည်၊ အုတ်ခွက်ကျိုးတခုတွင် ဗ္ဗလသွရေနမး ဟု ပုံနှိပ်စာတခုကိုတွေ့ရသည်။ ပုဂံအနော်ရထာမင်း၏အုတ်ခွက်ဘဆူဘွင် လောကနာထ ဖုရားလောင်းပုံတော်တဆူကို တွေ့မြင်ရသည်။ ထိုပုံတော်သည် လောကနာထ ဖုရားလောင်းပုံတော်ဖြစ်ကြောင်းကိုလည်း အနော်ရဘာမင်၏ လက်ရေးစာက ထောက်ခံလျက်ယှိကြောင်းကို ထိုအုဘ်ခွက်၌ပင် တွေ့ရသည်။ ၎င်းကိုပုဂံခေတ်အုတ်ခွက်များအကြောင်းတွင် ရေးသားဖေါ်ပြပြီးဖြစ်ပါသည်။

(ပုံ ၃၀)။ မြင်ဗါဟုဖုရားမှ အုတ်ခွက်ကလေးတခုမှာ နောက်ခံတံကဲနှင့် ကြာပလ္လင်နှင့် ပြော့ပလ္လင်ထက် ရိုးရိုးခြေနှစ်ဖက်ထပ်လျက် တင်ပြင်ခွေကိုယ်တော်ကလေးတဆူပါ၏။ ဘေးတဖက်တချက်က စေတီတော်ကလေးများအစား ပန်းခက်များပါသည်။ အုတ်ခွက်၏ပုံမှာ ဘဲဥပုံဖြစ်ပြီး အမြင့် ၂ လက်မခွဲနှင့် အကျယ် ၂ လက်မ ယှိ၏။

(ပုံ ၃၁)။ အုတ်ခွက်အပိုင်းကျိုးကလေးတခုတွင် ဖုရားဆင်းတုတော်မဟုတ်ပဲ၊ လူနှစ်ယောက်ယှဉ်တွဲနေဟန် ရုပ်ပုံ၏ အောက်ပိုင်းကျိုးကို တွေ့မြင်ရသည်၊ လူနှစ်ယောက် ဆိုသည်မှာလည်း ယောကျာ်း

မိန်းမ နှစ်ယောက်ပုံနှင့် တူသည်။ ယောကျ်ားမိန်းမ အသီးသီး ခြေထောက်များကိုလိမ်၍ ခြေထိုးကနေဟန်တူသည်။ ထိုကဲ့သို့ ကနေဟန်ပါသော အုတ်ခွက်တခုကို မှော်ဇာအခြားတနေရာမှ တွေ့ယိုရသေးသည်။ ( ပုံ ၃၂ က )။ ထိုအုတ်ခွက်၌ လူသုံးယောက်ပုံ အပြည့်အစုံပါသည်။ သို့သော် ရုပ်ပုံတို့မှာ အတော်ပင်ပြွန် တီးနေပြီ၊ ထိုသုံးယောက် အနက် လက်ျာဖက်ယို နှစ်ပုံမှာ ယောကျ်ားနှင့်မိန်းမ ယှဉ်တွဲလျက် ယောကျ်ားကမိန်းမ၏လည်ပင်းကိုဖက်လျက်ခြေထိုး၍ ကနေကြဟန်ဖြစ်သည်။ လက်ဝဲဖက်ယိုပုံမှာ ယောကျ်ားပုံနှင့်တူသည်၊ လက်မြှောက် ခြေမြှောက်နှင့် လုံးတည်း ကနေဟန်ဖြစ်သည်၊ ၎င်းတို့အဆက်ကို မတွေ့ရသဖြင့် ဇာတ်လမ်းကိုမမှန်းဆနိုင်ချေ။ ပုံသဏ္ဌာန်ကို ထောက်ချင့်ရသဖြင့် သောက်စားမူးယစ်ပြီး ပျော်ရွှင်နေကြဟန် တူသည်၊ ခြေတံရှည်လက်တံရှည်နှင့်အိန္ဒိယတောင်ပိုင်းကစ်စနားမြစ်ဝှမ်းယို အမရဝတီမှ ရုပ်ပုံများနှင့် ခပ်ဆင်ဆင်တူသည်၊ ဒုတိယအုတ်ခွက်မှာ၊ ပုံ (၃၂ က) လေးထောင့်အုတ်ခွက်ဖြစ်ပြီး အလျားမှာ ၃ လက်မနှင့် ၃ မတ်ယို၏၊ အနံမှာ ၃ လက်မယို၏။ ပုံ(၃၂ ခ)မှာ ပုံ (၃၂ က)၏ ဘကြောင်းဆွဲပုံဖြစ်သည်။

ပုံ (၃၃)။ ရှည်သျှားလျှားယိုသည့် အုတ်ခွက်ကလေး ၂ ဆူ၊ ဘဆူဘဆူချင်း အမြင့်မှာ ၂ လက်မနီးပါးခန့်ယို၏၊ မျက်နှာဖက်တွင်ဝတ်သုံနှင့်တူသော အဝတ်ကိုဝတ်လျက် မတ်ဘတ်ရပ်သော လူပုံတခုကိုတွေ့မြင်ရ၏၊ လက်နှစ်ဖက်မှာလည်း ရင်ကိုအပ်လျက်နေဟန်တူ၏၊ ရုပ်ပုံမျာမှာ ပွန်းပဲ့နေသဖြင့် ကောင်းစွာမထင်ရှားချေ။ ပုံသဏ္ဌာန်မှာ ၎င်းတို့ဘရုပ်လူမျိုးတို့၏ ဗုဒ္ဓရုပ်ပွားတော်ပုံများနှင့်တူသည်၊ မဏိဘော်သက် ရောင်ဘော်ပုံလည်းပါ၏။

## မှော်ဇာကန်သုံးဆင့်တောင်မှ ရသောအုတ်ခွက်။

ပုံ (၃၄)။ မှော်ဇာမှဟုအမှတ်အသားနှင့်၊ အုတ်ခွက်၏ပုံမှာဘဲဥပုံယိုပြီ မျက်နှာပြင်တွင်ခြေဘဖက်တင်တဖက်ချနှင့် ကြာပွင့်ပေါ်တွင်ထိုင်လျက်အဝလောကိဘေဿရ သို့မဟုတ် လောကနာထ ပုံတော်ဖြစ်သော ဖုရားလောင်းပုံဘော်တဆူပါ၏။ ချထားသောခြေ၏အောက်၌ ကြာပလ္လင်ခံလျက်ယို၏၊ လက်နှစ်ဖက်စလုံးပင် တင်ထားသော ခြေ၏ဒူးပေါ်နှင့်ချထားသော ခြေ၏ဒူးပေါ်တို့တွင် အသီးသီးတင်ထားလျက် လက်ဝဲဖက်လက်မှာ ကြာရိုးကြာတံဖြင့် အထက်သို့ဘက်သွားသော ကြာပွင့်ကိုကိုင်လျက်ယို၏၊ လက်ျာဖက်လက်မှာ မှောက်လျက် ဒူးပေါ်တင်ထား၏။ ၎င်းလက်၏ အတွင်းဖက်နံဘေး၍ ဆင်းတုတော်ထိုင်လျက်နေသော ကြာပွင့်အောက်မှ ထွက်လာသောကြာရိုးဖြင့်အပေါ်သို့ဘက်သွားသော ကြာပွင့်ခံလျက် စေတီကလေးတဆူပါ၏။ ၎င်းတို့၏အပြင်ဖက်ယို အုတ်ခွက်၏နှမ်းကိုကပ်လျက်အောက်ဖက်ကအလယ်ပုံကိုဝိုက်လျက်တက်လာသောပုံနှိပ်စာတကြောင်းပါ၏၊ ၎င်းစာမှာရှေးနာဂရီအက္ခရာဖြင့် "ယေဓမ်ာဟေတုပ္ပဘဝါ" အစယိုသော ဂါထာဖြစ်၏၊ အက္ခရာတို့၏အရေးအသားကိုထောက်ချင့်ရခြင်းအားဖြင့် ၎င်းစာမှာ အေ၊ဒီ၊ ၈–ရာစုနှစ်နှင့် ၁၀–ရာစုနှစ်အတွင်းမှ စာဖြစ်ဟန်တူ၏၊ ထိုစာနှင့်အတူဆင်းတုမှာလည်းပွန်းတီးလျက်ယိုနေပြီ၊ အုတ်ခွက်၏အမြင့်မှာ ၂ လက်မနှင့်အချင်းမှာ ၂ လက်မနီးပါးယို၏။

ပုံ (၃၅)။ ပုံ (၃၄)တွင် ပြသားသော အုတ်ခွက်နှင့်အမျိုးတူ၊ တနေရာဘည်းတွင် တွေ့ယိုရသော အခြားအုတ်ခွက်ဘဆူ၏ကျောဖက်တွင်ပါသော ပျူစာ ၃ ကြောင်းဖြစ်သည်၊ ထိုစာ၏အစတွင် ''ဗံး'' ဟူသော စာတလုံးပါသည်၊ ၎င်းကိုထောက်၍၎င်း၏ရှေ့ပါလာသောစာလုံးများမှာကုသိုလ်ရှင်အမည်နှင့်၊၎င်း၏ ကုသိုလ်ကောင်းမှုဖြစ်သည်ဟူ၍ဖေါ်ထုတ်သောစာလုံးများဖြစ်ကြောင်းပါယိုဟန်တူ၏။

## မှော်ဇာ၊တာဝတိံသာ ကျွဲကျောင်းကုန်းဖုရား အရှေ့ဖက်ကုန်းမှရသော အုတ်ခွက်ဆင်းတုတော်များ။

ပုံ (၃၆)။ မှော်ဇာမြို့၊ တာဝတိံသာ ကျွဲကျောင်းကုန်းဖုရား အရှေ့ကုန်းမှရသောအုတ်ခွက် ဆင်းတုတော်တို့အနက်၊ ဤပုံတွင်ပြထားသော ဆင်းတုတော်မှာ၊ နံဘေးပတ်လည်ဘောင်ခတ်လျက် အုတ်ခွက်ဝိုင်းတခု

အလယ်တွင်ခြေနှစ်ဖက်ကိုချိတ်လျက်၊ လက်တော်တို့မှာ ရိုးရိုးဗယ်တင်ညာချထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်၍၊ ၎င်းမှာအချိုးအစားကျနသေချာ၍ သပ္ပါယ်ကြည်ညိုစရာကောင်းသော ဆင်းတုတော်ကလေးတဆူဖြစ်သည်၊ မဏိတော်ကိုဝိုက်၍ ရောင်ခြည်ဝန်းမှာ ရိုးရိုးကြီး နှစ်ထပ်ကပ်လျက် ဆင်ထားပုံပါသည်၊ ဥဿျောင်တော်မှာအနည်းငယ်သေးသည်၊ ကေသီသက်နိုးတော်မှာ လက်ဝဲဖက်ပခုံးထက်စမွယ်တင်လျက် ခေါက်ရိုးခေါက်တွန့်တို့ကိုရေးရေးမြင်ရသည်၊ ရောင်ခြည်ဝန်းအထက်မှ တဖက်တချက် သစ်ခက်သစ်ရွက် ကလေးများ အနည်းငယ်ကျနေဟန်ပါသည်၊ သရေခေတ္တရာအုတ်ခွက်တို့တွင် အများအားဖြင့် ပုဂံအုတ်ခွက်များ၌ ပါလေ့ယှိသော ဗောဓိကျောင်းဆောင်နှင့် ဗောဓိညောင်အကိုင်းအခက် အလက်တို့ ဝေဝေဆာဆာနှင့်ပါသကဲ့သို့ မတွေ့ယှိရချေ။ ဘေးတဖက်တချက်ပခုံးနှင့် တတန်းတည်းလောက်မှာ ထီးတော်များနှင့် စေတီပုံကလေးတဆူစီ ပါသည်။ ထိုစေတီကလေးများလည်း ပုဂံခေတ် အုတ်ခွက် စေတီကလေးများကဲ့သို့ ယေဘုယျအားဖြင့် မတူကြချေ၊ သရေခေတ္တရာအုတ်ခွက်စေတီကလေးများ၌ခေါင်းလောင်းပုံတို့မှာ ပုပုဝိုင်းဝိုင်းယှိတတ်သည်၊ ပုဂံခေတ်စေတီရံတို့မှာမူ ခေါင်းလောင်းပုံတို့သည် ရှည်မျောမျောနေသည်၊ ဖေါ်ပြပါ သရေခေတ္တရာအုတ်ခွက်၌ အလယ်ဆင်းတုတော်၏ ဘေးဘဖက်တချက်စေတီတော်ကလေးများအောက်တွင်ရှေးဟောင်းနာဂရီအက္ခရာဖြင့် 'ယေဓမ်ာဟေဘုပြဘဝါ' အစချီလျက်ဂါထာပါသည်၊ ၎င်းဂါထာတွင်ပါသောအက္ခရာတို့သည် အေ၊ ဒီ၊ ၈–ရာစုနှစ်မှ ၉–ရာစုနှစ်အတွင်းက အက္ခရာပုံသဏ္ဍာန်တို့နှင့်တူသည်၊ ဤနေရာ၌လည်း ပုဂံခေတ်နှင့် မတူချေ၊ ပုဂံခေတ်တွင် တွေ့ရသော နာဂရီအက္ခရာတို့မှာ အေ၊ ဒီ၊ ၁၁–ရာစုနှစ်ထက်စောသော အက္ခရာတို့ကို မတွေ့ရသေးချေ။ အုတ်ခွက်၏ အချင်းမှာ ၃ လက်မနီးပါးယှိ၏။

ပုံ(၃၇)။ ၎င်းအုတ်ခွက်၌ နံဘေးပတ်လည်တွင် ပါတတ်သောဘောင်မှာ ပြုန်းတီးလျက် ယှိနေလေပြီ။ သွင်းလုပ်သော မြေကြီးမှာ ကျောက်စရစ်မြေဖြစ်သည်။ အုတ်ခွက်၏ အလယ်၌ အောက်မှ ပန်းခက်များခံလျက် ကြာပလ္လင်ထက် ခြေနှစ်ဖက်ထပ်လျက် ရိုးရိုးလက်တော် ဗယ်ဘင်ညာချ ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသော ဗုဒ္ဓဆင်းတုတော် တဆူပါသည်။ နောက်ခံတံကဲမှာ အထပ်ထပ်နှင့် ရောင်ခြည်တော်များ ထွက်လျက်နေဟန်ပါသည်။ တံကဲရောင်ခြည်ဝန်းအထက် ထီးမိုးလျက် ထီး၏အောက် တဖက်ဘချက်မှ သစ်ကိုင်း သစ်ခက်တို့ ဖြာလျက်ထွက်သွားဟန်ပါသည်။ တံကဲဘဖက်ဘချက်ကျန်ယှိသော မျက်နှာပြင်မှာ ရှေးဟောင်းနာဂရီအက္ခရာ ဖြင့်ပုံနှိပ်ထားသော ''ယေဓမ်ာဟေတုပြဘဝါ'' အစချီလျက်ပါသော ဂါထာဖြစ်သည်။ အက္ခရာတို့မှာ အေ၊ ဒီ၊ ၅စ်ရာစုနှင့် ၉-ရာစုမှအရေးအသားများနှင့် တူသည်။

ပုံ(၃၈)။ အုတ်ခွက် အထက်ပိုင်းကျိုးလျက် တွေ့ရသည် ပြည့်ပြည့်စုံစုံ ယှိလျှင် ဘဲဥပုံသဏ္ဍာန်ယှိ၍ အမြင့်မှာ ၂ လက်မခွဲခန့်နှင့် အချင်းမှာ ၂ လက်မလောက် ယှိသိမ့်မည်။ အလယ်ဘွင် ကြာပလ္လင်ထက် ရိုးရိုးလက်တော် ဗယ်ဘင်ညာချထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသော ဗုဒ္ဓဆင်းတုတော်ကလေးတ ဆူပါသည်။ နံဘေးတဖက်ဘချက်တွင် ထီးနှစ်ဆင့်နှင့်စေဘီတော်ကလေး တဆူပါသည်။ ကြာပလ္လင်အောက်တွင် ရှေးဟောင်းနာဂရီအက္ခရာဖြင့် ပုံနှိပ်လျက် ''ယေဓမ်ာဟေတုပြဘဝါ''အစယှိသော ဂါထာပါသည်။ အက္ခရာတို့မှာ အေ၊ ဒီ၊ ၈–ရာစုနှင့် ၉–ရာစုနှစ်က အရေးအသားများနှင့် တူသည်။

ပုံ(၃၉)။ ၎င်းအုတ်ခွက်မှာ အဝိုင်းဖြစ်သည်။ အချင်း ၂ လက်မသာသာ ယှိသည်။ အလယ်မှာ ကြာပလ္လင်နှင့် တင်ပြင်ခွေကိုယ်တော်ဘဆူ၊ ဘေးရံ တဖက်တချက်၌ စေတီနှစ်ဆူစီနှင့် အထက်ဖက်၌ ဗောဓိ အကိုင်းအခက်များပါသည်။ အောက်ဖက်တွင် ရှေးဟောင်းနာဂရီ အက္ခရာဖြင့် ''ယေဓမ်ာဟေတုပြဘဝါ'' အစယှိသော ဂါထာပုံနှိပ်လျက်ပါသည်။ အက္ခရာများမှာ အတော်မှေးမှိန်လျက် ယှိနေသည်။

ပုံ(၄၀)။ ဤပုံတွင်ပြထားသော အုတ်ခွက်မှာအပိုင်းကျိုးဖြစ်သည်။ ပြည့်ပြည့်စုံစုံယှိခဲ့လျှင် အုတ်ခွက်၏ ပုံသဏ္ဍာန်မှာ အဝိုင်းဖြစ်ဟန်တူသည်။ အချင်းမှာ ၄ လက်မခန့်ယှိမည်။ ကျန်ယှိသော အပိုင်းမှာ လက်ဝဲဖက် အပိုင်းဖြစ်သည်။ ၎င်း၌တွေ့ယှိရသော ဆင်းတုသည် ပလ္လင်နှင့်တူသော အလျား ၁ လက်မ ၃ မတ်၊ အမြင့်

လက်မတမတ်ခန့် ယှိသော ခုံရှည်ပေါ်တွင် လက်ျာဖက်ကို လှည့်၍ ကိုယ်တစောင်း ထားပြီးလျှင် ခြေတဖက် ဒူးထောင်၍၊ တဖက်ခပ်လှည်းလှည်းနှင့် ခြေဆင်းလျက် ထိုင်နေဟန်ဖြစ်သည်။ လက်လေးဖက်ယှိဟန် တူသည်။ သို့သော် ယခုလက်သုံးဖက်သာ ယှိတော့သည်။ လက်ဝဲဖက်လက်ပွားမှာ အကျိုးအပဲ့ထဲတွင် ပါသွားချေပြီ။ ဦးခေါင်းမပါတော့ချေ။ ဝတ်စားဆင်ယင်ပုံတို့မှာ ခေါင်းခေါင်း ပါးပါး ယှိလှသည်။ ဒိုတီနှင့် ခါးဆီးကြိုးလောက်သာလျှင် ရေးရေးမြင်ရသည်။ ခြေကံလက်တံရှည်သည်။ နဂိုရ်မူလ၊ လက်ျာဖက်မှာကွေးလျက် ရင်ကိုအပ်ပြီးလျှင် လက်ထဲတွင် ကြာဖူးသဏ္ဌာန်ဝတ္ထုပစ္စည်းတခုကို ကိုင်လျက်ယှိသည်။ လက်ပွားကိုအောက်သို့တန်း၍ ပလ္လင်ပေါ်တွင် ထောက်လျက်ယှိသည်။ ဘိုလက်၏ အပြင်ဖက်၌ လူရုပ်ပုံကလေးတခု ဒူးတုပ်၍ အတွင်းဖက်သို့ လှည့်ပြီးရှိခိုးနေဟန်ပါသည်။ အလယ်ပုံကြီး၌ ကျန်ယှိသော နဂိုရ်မူလ လက်ဝဲဖက်သည် အတွင်းဖက်သို့ခပ်လှည်းလှည်းထောင်ထားသော ပေါင်ပေါ်တွင်တဆစ်ကွေးတင်လျက်ထားသည်။ဘိုပုံ၏အနေအထားကိုထောက်ချင့်ရခြင်းအားဖြင့် ဟိန္ဒူဆန်သည်။ သို့သော်ပလ္လင်အောက်၌ပါသော နာဂရီအက္ခရာနှင့် စာနှစ်ကြောင်းနှင့် အုတ်ခွက်အထက်ပိုင်းနားတွင်ပါသော စေတီကလေး တဆူတို့ကို ထောက်၍ ပုံတော်မှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ဝမ်းပိုက်လျှပ်နှင့် ရသေ့ရုပ်ပုံဖြစ်ဟန် တူသည်။ အဆိုပါနှစ်ကြောင်းမှာ ''ယေဓမ်ာဟေတုပြဘဝါ''အစချီလျက်ပါသော ဂါထာဖြစ်သည်။ အက္ခရာများမှာလည်း ပြွန်းတီးလျက်ယှိချေပြီ။

ပုံ(၄၁)။ လေးထောင့်မှန်ကူကွက် ပုံသဏ္ဌာန်နှင့် အောက်ခြေပိုင်း ကျိုးလျက်ယှိသော အုတ်ခွက်တခုတွင် ထူထူခြားခြား ပုဆစ်ဘုပ်၍ လက်ျာဖက်သို့ မျက်နှာမူလျက် လက်နှစ်ဖက်ဖြင့် ဝတ္ထုဘခုကိုပင့်မြှောက်လျက် ပူဇော်နေဟန် လူရုပ်တရုပ်ကိုတွေ့မြင်ရသည်။ ထိုလူရုပ်မှာအလွန်ပင်ရုပ်ပျက်ဆင်းပျက် ပွန်းပဲ့လျက်ယှိနေပြီ။ အဝတ်အစားမှာလည်း ခေါင်းပေါင်း၍ ကိုယ်လုံးကိုယ်ပေါက်မှာ ဝမ်းပိုက်နှင့်ရင်သား တဖြိုးတည်းယှိနေသည်။ ပခုံးမှ ဝဲဖက် ယာဖက်အစချလျက် တဘက်ဘထည် ဝတ်ဆင်ထားဟန်ပါသည်။ ဆံစကိုစု၍ ထိပ်ထက်ရောင်ထုံး ထုံးထားဟန်ယှိသည်။ ၎င်းကိုရစ်ပတ်၍ ခေါင်းပေါင်းဖြူ ဖေါ့လုံးပုံလည်း ပါယှိသည်။ မူလအုတ်ခွက်မှာ မထင်ရှား၍ တကြောင်းဆွဲ ပုံကြမ်းတခုဆွဲ၍ ပုံ ၄၁-(က) တွင် ပြထားသည်။ ၎င်းထက်ထင်ရှားသော အုတ်ခွက် ခေါင်းပိုင်းကျိုး တခုကို မှော်ဇာ ဘောဘောကြီး ဖုရားအနီး ကျောက်ကပ်ကုန်း၌ တွေ့ရသည်။

ပုံ(၄၂)။ ထိုပုံအရဆိုလျှင် ချောင်ထုံးကို နဖူးထက်၌ ခေါင်းပေါင်းဖြူ ဖေါ့လုံးသဏ္ဌာန် ရစ်ပတ်လျက်၊ မျက်လုံးပြူး နှာတံပေါ် မေးချွန်းနှင့် ယောကျာ်းပုံ ခေါင်းပိုင်းကျိုးဖြစ်သည်။ ပါးစပ်ပေါက်ကျယ်၍ အထက်နှုတ်ခမ်းအောက်နှုတ်ခမ်းထူသည်။ မျက်ခုန်းမို့သည်။ ဝဲယာမျက်ခုန်းအောက်သို့ စိုက်မဆင်းပဲ။ တတန်းတည်းလောက်နေသည်။ ထိုရုပ်ပုံသည် ပျူလူမျိုး၏ ရုပ်ပုံဟုယူဆသည်။ လက်နှစ်ဖက်နှင့် ပင့်မြှောက်ထားသောပုံမှာ ပန်းအိုးပုံနှင့် တူသည်။

အထက်ဖေါ်ပြပါ အောက်ခြေ အပိုင်းကျိုး အုတ်ခွက်မှာ အလျား ၃ လက်မခွဲ၊ အနံ ၃ လက်မယှိ၏။ ခေါင်းပိုင်းကျိုးကလေးမှာ အထက်ချောင်ထုံးထိပ်မှ မေးဖျားအထိ ၁ လက်မခွဲလောက်ယှိ၏။

## တာဝတိံသာ ကျဲကျောင်းကုန်း ဖုရား၏ မြောက်ဘက် ကုန်းမှရသော အုတ်ခွက် ဆင်းတုတော်များ။

ပုံ(၄၃)။ အုတ်ခွက်မှာ ဘဲဉပုံသဏ္ဌာန်ယှိသည်။ လက်ျာဖက် အောက်ပိုင်း တပိုင်းကျိုးလျက် တွေ့ရသည်။ ဆင်းတုတော် သုံးဆူပါသည်။ အလယ်ဆင်းတုတော်မှာ ကြာပလ္လင်ထက် ရိုးရိုးတင်ပြင်ခွေ ဖုရားဆင်းတုတော် ဖြစ်သည်။ ဘေးတဖက်တချက် ကြာပန်းများကို ကိုင်လျက် မတ်ရပ်တော် နှစ်ဆူ ပါသည်။ ၎င်းတို့သည် ဖုရားလောင်းများပုံတော် ဖြစ်ကြဟန်တူသည်။ အလယ်ပုံတော်၏ အထက်တွင် သစ်ကိုင်းသစ်ခက်တို့၏ ပုံများရေးရေးမြင်ရသည်။ ဆင်းတုတော်များ၏ မျက်နှာတော်တို့မှာ မထင်ရှားတော့ချေ။ အုတ်ခွက်မှာ

အမြင့် ၂ လက်မတမတ်၊ အချင်းတလက်မခွဲယှိသည်။ ပလ္လင်အောက်တွင် စာတမ်းထိုးလျက် ပါဟန်တူသည်။ သို့သော်ငင်းစာတမ်းသည်လည်း ပြွန်းတီးလျက်ယှိနေသဖြင့် အက္ခရာစာလုံးတို့ကိုပင် မမှန်းဆနိုင်တော့ချေ။

ပုံ (၄၄)။ အခြားအုတ်ခွက်တမျိုးမှာ ပုံ (၃၉) တွင်ပြထားသည့် အုတ်ခွက်ကဲ့သို့ အဝိုင်းဖြစ်သည်။ အချင်းမှာ ၂–လက်မယှိသည်၊ ထိုအုတ်ခွက်၌လည်း မျက်နှာဖက်တွင် မြတ်စွာဖုရား၏ ရုပ်ပွါးဆင်းတုတော်ဘဆူကြာပလ္လင်ထက်ရိုးရိုးလက်တော် ဘယ်တင်ညာချခြေချိတ်လျက် တင်ပြင်ခွေထိုင်နေဟန်ပါသည်။ မဏိတော်ဘဖက်တချက် သစ်ခက်သစ်ရွက်တို့ပုံလည်းပါသည်။ ဘေးမှရံလျက် တဖက်တချက် စေတီတဆူစီပါသည်၊ ထိုစေတီကလေးတို့၏ ထူးခြားချက်မှာ ခေါင်းလောင်းပုံနေရာ၌ ခေါင်းလောင်းပုံမဟုတ်ပဲ၊ ဖလ်ပေသီးလုံးကဲ့သို့ လုံးလုံးဝိုင်းဝိုင်းဖြစ်နေသည်၊ ငင်းအထက်ဓါတ်တော်တိုက်ပုံနှင့် ထီးပုံများလည်းပါသည်၊ ဆင်းတုတော်၏ ဘေးတဖက်တချက်နှင့် ကြာပလ္လင်အောက်နှင့် စေတီတော်ကလေးများအောက်တွင် လစ်လပ်သောနေရာတို့၌ ရှေးဟောင်းနာဂရီအက္ခရာနှင့်စာများ ပုံနှိပ်လျက်ပါယှိဟန်တူသည်။ ကြာပလ္လင်အောက်ယှိ စာလုံးများအနက် နောက်ဆုံးနှစ်လုံးမှာ အနည်းငယ်ဖတ်သာသေးသည်၊ ငင်းတို့သည်၊ "ယေဓမ်ာဟေတုပြဘဝါ" အစချီလျက်ပါသော ဂါထာ၏ နောက်ဆုံး၌ပါသော မဏား ဆိုသော စာလုံးနှစ်လုံးဖြစ်သည်။ ငင်းတို့၏ ပုံသဏ္ဍာန်ကိုထောက်ချင့်ရခြင်းအားဖြင့် ပုံနှိပ်စာမှာ အေ၊ ဒီ၊ ၇-ရာစုမှ ၈–ရာစုနှစ်အကွင်းခန့်က စာဖြစ်ဟန်တူသည်။

ပုံ (၄၅)။ မှော်ဇာတာဝတိံသာ တောင်ကျောင်းမှရယှိသော အုတ်ခွက်တခုမှာ ဂုံးဝိုင်းနှင့် ဘောင်မပါပဲလိုဏ်ဂူသဘောယှိ၏။ အမြင့်မှာ ၅–လက်မခွဲယှိ၍၊ အောက်ခြေအကျယ်မှာ ၃–လက်မယှိ၏။ မျက်နှာပြင်တွင် ကြာပလ္လင်ထက် ခြေနှစ်ဖက်ထပ်လျက် တင်ပြင်ခွေ ဗုဒ္ဓရုပ်ပွါးတော်ဘဆူပါ၏။ ငင်းရုပ်ပွားတော်၏ ထူးခြားချက်မှာ လက်တော်ဘယ်တင်ညာချမဟုတ်ပဲ၊ ညာတင်ဘယ်ချဖြစ်လျက် တွေ့ယှိရ၏။ တင်ထားသော ညာဖက်လက်တွင် သပိတ်ပိုက်လျက်ယှိ၏။ ဤကဲ့သို့ အခြားဆင်းတုတော်များနှင့်မတူပဲ လက်တော်များ၏ အနေအထားမှာ ပြောင်းပြန်ဖြစ်နေ၍ သွန်းလုပ်သောသူက မှန်စာကဲ့သို့ မှားပြီးသွန်းလုပ်ထားသည်ဟုဆိုရမှာလည်း မဆိုသာ။ အဘယ့်ကြောင့်ဆိုသော် အုတ်ခွက်၏ပုံသဏ္ဍာန်မှာ တမျိုးတည်းလောက်ဖြစ်၍ အရွယ်မှာ အစားစားယှိသော်ငြားလည်း၊ အလားတူအုတ်ခွက်တို့ကို မှော်ဇာရွာအနီးတဝိုက် နေရာအနှံ့အပြား၌ တွေ့ရသောကြောင့်ဖြစ်၏။ နောက်ခံတံကဲနှင့်၊ တံကဲပတ်လည် ရောင်ခြည်တော်များထွက်နေပုံများမှာလည်း တစံနစ်တည်းလောက်ဖြစ်ကြ၏။ အုတ်ခွက်အငယ်စား၏ အတိုင်းအတာမှာ အမြင့် ၃–လက်မ၊ အောက်ခြေအကျယ် ၂–လက်မလောက်ယှိ၏။

## မှော်ဇာမြို့၊ ပျိုးခင်းကြီးကုန်း၊ အုတ်ကုန်းကြီးမှ ရယှိသောအုတ်ခွက်။

ပုံ (၄၆)။ ငင်းအုတ်ခွက်သည် လေးထောင့်အုတ်ခွက်ဖြစ်၏၊ အထက်လက်ျာဖက် အနည်းငယ် ကျိုးပဲ့လျက်ယှိနေ၏။ အမြင့် ၆–လက်မတမတ်၊ အကျယ်–၄လက်မခွဲသာသာယှိ၏။ မျက်နှာဖက်တွင် နောက်ခံတံကဲနှင့် မထင်ရှားသော ပလ္လင်ပေါ်ထက် ခြေနှစ်ဖက်ကိုထပ်၍၊ လက်တော်ဘယ်တင်ညာချ၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗုဒ္ဓရုပ်ပွါးတော်ဘဆူပါသည်။ မဏိတော်မှာ ဝဲဖက်ထိပ်စွန်းအနည်းငယ်ပဲ့နေသည်။ ဥဏှိသပုံတော်မှာ ပုံ့ပုံ့ကလေးတက်ယောင်ယောင်သာယှိ၏၊ ပုံတော်၏သွင်းလုပ်ပုံမှာ အနည်းငယ်ကြမ်းတမ်းသည်။ သို့သော် ခြေနှစ်ဖက်မှာ ထပ်လျက်ယှိသည်ကိုထောက်၍ ငင်းဥဏှိသပုံတော်မှာ ပုံ့ပုံ့ကလေးသာတက်ပုံတို့ကိုထောက်၍ ငင်း သရေခေတ္တရာမှထွက်သော အုတ်ခွက်ဆင်းတုတော်ဘို့အနက် ယင်းဆင်းတုတော်သည်လည်း ရှေးအကျဆုံးသော ဆင်းတုတော်တို့တွင် တဆူအပါအဝင်ဖြစ်ကြောင်းကို သိမှတ်ရာ၏။

## မှော်ဇာမြို့ပါဒကလေးတောင်ပေါ်ယို
## ကုန်းတကုန်းမှရသော အုတ်ခွက်ဆင်းတုတော်များ။

ပုံ (၄၇)။ ၎င်းအုတ်ခွက်သည် အောက်ဘောင်မပါပဲ၊ အခြားသုံးဖက်တွင် ဘောင်ခပ်ထားသော လေးထောင့်အုတ်ခွက်ဖြစ်၍။ မျက်နှာဖက်အလယ်တွင် ဗုဒ္ဓရုပ်ပွါးမတ်ရပ်တော်ဘဆူပါ၍။ အောက်ခံကြာပွင့်ပေါ်တွင် ရပ်လျက်နေဟန်တူ၍။ သို့သော်ကြာပွင့်မှာပြုန်းတီးလျက်ယိုနေပြီး မထင်ရှားတော့ချေ။ ညာဖက်လက်တော်မှာ အောက်သို့ဘန်းချလျက်ရှိ၍၊ သို့သော် ထိုဘန်းချသောလက်မှာ လက်ကောက်ဝတ်အောက်တွင် ပြုန်းတီးပျက်စီးလျက်ယိုနေသဖြင့် မုဒြ၏အခြေအနေမှာ၊ ဝရဒမုဒြခေါ် လက်တော်ကိုဖြန့်လျက် ဆုပေးနေဟန်ဖြစ်သည်ဟု မှန်းဆနိုင်ရုံလောက်သာယို၍။ ဘယ်လက်တော်မှာ တတောင်ဆစ်မှ အတွင်းဖက်သို့ကွေးလျက် သပိတ်ကိုပိုက်ထားဟန်ပါ၍၊ သင်္ကန်းတော်ရုံလျက်ယိုကြောင်းကို အောက်ပိုင်းမှဘေးတဖက်တချက်တွင်ပြန့်၍ ထွက်လျက်နေနေသော သင်္ကန်းတော်၏ခေါက်ရိုးခေါက်စတို့ဖြင့်သိရ၏။ ဆင်းတုတော်၏ နောက်ခံတံကဲမှာ ရောင်ခြည်တော်များ အောက်အထက်ဝိုက်လျက် ထွက်နေဟန်လည်းပါ၏၊ အုတ်ခွက်၏ အမြင့်မှာ ၇ လက်မ ၃ မတ်ယို၏၊ အကျယ်မှာ ၆—လက်မခွဲယို၏။

## မှော်ဇာမြို့သုံးပန်လှကုန်း အနောက်တောင်ယို
## ပုဏ္ဏားကန်အနီးကုန်းတကုန်းမှရသော အုတ်ခွက်။

ပုံ (၄၈)။ ဓါတ်ပုံ၌မြင်ရသည့်အတိုင်းဆိုလျှင် တွေ့စကပင် အုတ်ခွက်မှာ အပိုင်းလေးပိုင်းကျိုးလျက် တပိုင်းမှာရှာမတွေ့ပဲ၊ ကျန်သုံးပိုင်းကိုစပ်၍ ဓါတ်ပုံရိုက်ထားသောပုံဖြစ်၏၊ ထိပ်ပိုင်းနှင့်အောက်ခြေဖက်မှမှန်ကူကွက်များဖေါ်လျက်ပါသော ပလ္လင်ပေါ်တွင် ကြာပန်းပုံယိုသော ထိုင်ခုံထက် ခြေနှစ်ဖက်ထပ်လျက် ရိုးရိုးလက်တော်ဘယ်တင်ညာချ တင်ပြင်ခွေဗုဒ္ဓရုပ်ပွါးဆင်းတုတော်တဆူပါသည်။ အုတ်ခွက်၏အမြင့်မှာ ၇လက်မတမတ်ခန့်ယို၍၊ အနံမှာ ၆လက်မယို၏။ မဏိဘော်သက် ဥဏှိသပုံတော်မှာ သပိတ်ကိုမှောက်ထားသကဲ့သို့ ထင်ရှားစွာတွေ့မြင်ရ၏။ သင်္ကန်းဘော်ဘို့မှာ ဧကံသိကသင်္ကန်းကို ဗယ်ဖက်ပခုံးထက်စမွယ်တင်လျက် ခေါက်ရိုးခေါက်စတို့သည် အစင်းအစင်း အမြောင်းမြောင်းနှင့် ကျနေဟန်လည်းပါယို၏။ တင်ထားသော လက်တော်ပုံ၊ ချထားသောလက်တော်ပုံ၊ ခြေဘဝါးတော်ပုံတို့ကိုလည်း သဘာဝကျကျနှင့် သွင်းလုပ်ထားသည်၊ နောက်ခံတံကဲ ထုပ်အစွန်းမှ မကာရ်းခေါင်းများ ထွက်လျက်ယိုသည်၊ တံကဲကိုဝိုက်၍ ရောင်ခြည်တော်ပုံများနှင့် ရောင်ခြည်ဝန်းအထက်၊ ပန်းကုံးဆိုက်လျက် ထီးပုံလည်းပါသည်၊ ၎င်းတို့အပြင် ဆင်းတုတော်၏ တဖက်ဘချက်၊ အုတ်ခွက်၏ နံဘေးကအစွန်းနားကပ်လျက် အထက်မှအောက်သို့ ဆင်းသွားသော် နေမင်း၏စက်ဝန်းပုံ၊ တမ်းခွန် ကုက္ကားပုံ၊ ၎င်းအောက်ဆီးအုပ်လျက်တမ်းခွန်တိုင်ပုံတို့မှာ ပန်းပွင့်ပန်းခက်တို့ဖြင့် ရှုပ်ရှုပ်ထွေးထွေးမယိုပဲ အချိုးကျကျနှင့် သွင်းလုပ်ပူဇော်ထားခြင်းကို တွေ့မြင်ရသည်။ ပလ္လင်မှန်ကူကွက်များအတွင်း၌လည်း ကြာပန်းကြာရွက်တို့ဖြင့် သွင်းလုပ်ထားသည်။

## မှော်ဇာ၊ သုံးပန်လှနတ်စင်၊အနောက်ကုန်းမှ
## ရသောအုတ်ခွက်ဆင်းတုတော်တဆူ။

ပုံ(၄၉)။ အုတ်ခွက်ပုံမှာ ဂုံးချွန်နှင့်လေးထောင့်စပ်စပ်ယို၍။ မျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်တဆူ ကြာပလ္လင်ပေါ်၌ ခြေနှစ်ဖက်ကိုဆပ်လျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၍။ ဗယ်လက်ဘော်မှာ တင်ပြင်ခွေပေါ်တွင် တင်၍ သပိတ်ကိုဒိုက်လျက်ယို၍။ ညာလက်တော်မှာ အောက်သို့ချလျက် ဒူးပေါ်လက်ဝါးကိုဖြန့်၍ အထက်သို့ ထောင်ထား၍။ ဤကဲ့သို့ လက်ဝါးကိုဖြန့်ဘန်းထားခြင်းကို အဘယမုဒြပုံဟု ခေါ်ဆိုကြ၏။ ဆင်းတုတော်၌ နောက်ခံတကဲ နှစ်ထပ်ပါ၍။ ရုပ်ဆင်းသဏ္ဌာန်မှာ ပွန်းပဲ့ချို့ယွင်းလျက်ယို၍။ အုတ်ခွက်၏အမြင့်မှာ ၃-လက်မတမတ်လောက်ယို၍။ အောက်ခြေအကျယ်မှာ ၂-လက်မယို၍။

## မော်ဇာ၊တောင်လုံးညိုရွာအနောက်အတွင်း ဈေးဂူဖုရားမှရသောအုတ်ခွက်။

ပုံ(၅၀)။ အုတ်ခွက်မှာဘဲဥပုံသဏ္ဍာန်နှင့် လက်ျာဖက်ဘောင်ကျိုးပဲ့လျက် မျက်နှာဖက်အလယ်ယှိ ရုပ်ပုံမှာ ပုံသဏ္ဍာန်ကို မှန်းဆနိုင်ရုံလောက်သာယှိဘော့၍။ ဤကျန်ယှိသည့်အတိုင်းမှာ ကြာပလ္လင်ပေါ်တွင် တင်ပြင်ခွေလျက် လက်နှစ်ဖက်ကို ဒူးပေါ်တွင် တတောင်ဆစ်နှင့် ထောက်ပြီးလျှင် ကွေး၍ အထက်သို့ မြှောက်လျက် လက်ဝါးများဖြင့် တားဟန်တူသည်။ မဏ္ဍိဘော်မှာလည်း နောက်ပိုင်းတခြမ်းသာ ယှိတော့၍။ ပုံတော်မှာ ဗုဒ္ဓရုပ်ပွားဆင်းတုဘော်နှင့်တူ၍။ အုတ်ခွက်၏အမြင့်မှာ ၃–လက်မခွဲယှိ၍။ အကျယ်မှာ အပဲ့အတိုင်း ၂–လက်မခွဲယှိ၍။

## မော်ဇာလေယာဉ်ပျံတောင်မှ အုတ်ခွက်ဆင်းတုတော်များ။

ပုံ(၅၁)။ ၎င်းအုတ်ခွက်မှာအမြင့် ၂–လက်မခွဲ၊ အကျယ် ၂–လက်မ နီးပါးနှင့် ဘဲဥပုံသဏ္ဍာန် ယှိ၍။ မျက်နှာဖက်ဘောင်အတွင်း ကြာပလ္လင်ထက်ရိုးရိုး လက်တော်ဗယ်ဘင်ညာချခြေထပ်တင်လျက်တင်ပြင်ခွေဆင်းတုတော်ဘဆူပါ၏။ ဘေးတဖက်တချက် အထက်နားတွင် ထီးနှစ်ဆင့်နှင့် စေတီတော်လုံးကလေး တဆူစီပါ၏။ ဗောဓိအကိုင်း အခက်များလည်း ပါ၏။ ပလ္လင်အောက်နှင့် စေတီကလေး နှစ်ဆူ၏ အောက်တွင် ရှေးဟောင်း နာဂရီအက္ခရာနှင့် ''ယေဓမ္မာဟေတုပြဘဝါ'' အစယှိသော ဂါထာပါဟန်တူ၏။

ပုံ(၅၂)။ အထက် ပုံ(၂၁) ၌ ဖေါ်ပြခဲ့သော အုတ်ခွက်နှင့် ပုံသဏ္ဍာန်ချင်းတူသော အုတ်ခွက်ဖြစ်၏။ ၎င်းအုတ်ခွက်၏ မျက်နှာဖက်တွင် ကြာပလ္လင်အောက်၌ ရှေးဟောင်း နာဂရီ အက္ခရာနှင့် စာသုံးကြောင်း ပါယှိ၏။ ၎င်းစာသည်လည်း ''ယေဓမ္မာဟေတုပြဘဝါ'' အစချီလျက်ပါသော ဂါထာနှင့်ပင်တူ၏။ အက္ခရာတို့၏အရေးအသားပုံသဏ္ဍာန်တို့မှာ အထက်ဖေါ်ပြပါ အုတ်ခွက်တွင်ပါသော အက္ခရာ အရေးအသားတို့နှင့် တူပုံရ၏။ ၎င်းတို့သည် အေ၊ဒီ၊ ၈–ရာစုမှ ၁၀–ရာစုနှစ် အတွင်းက အရေးအသားများဖြစ်ကြ၏။

## အထွေထွေ။

ရှုံးမှတ်ပုံစာရင်းတွင် ''မော်ဇာ''ဟု အမှတ်အသားနှင့် ပုံ (၅၃)တွင် ပြထားသည့်အတိုင်း အုတ်ခွက် တဆူကိုတွေ့ရသည်၊ အုတ်ခွက်၏ ပုံမှာ ဘဲဥပုံသဏ္ဍာန်ယှိသည်၊ အထက်ပိုင်းမှာ အနည်းငယ် ကျိုးပဲ့ပျက်စီးလျက်ယှိသည်၊ မူလအတိုင်း မပျက်မစီးပဲ ဆိုလျှင် အမြင့်မှာ ၄ လက်မခန့် ယှိပေလိမ့်မည်၊ အကျယ်မှာ ၂ လက်မနှင့် ၃ မတ်သာသာခန့် ယှိသည်၊ မျက်နှာဖက်၌ မူလအတိုင်းဆိုလျှင် ဖုရားဆင်းတုတော် ၆ ဆူခန့် မျှပါမည်။ သို့သော် အထက်ပိုင်းတွင်ယှိသော ဆင်းတုတော်မှာ အကျိုးအပဲ့သဲ ပါသွားသဖြင့် ဆင်းတုတော် ၅ ဆူကိုသာလျှင် တွေ့မြင်ရဘော့သည်၊ ၎င်းတို့လည်း ထင်ထင်ရှားရှားမယှိပဲ ပွန်းပဲ့လျက်ယှိလည်း။ ထိုကျန်ယှိသေးသော ဆင်းတုဘော်တို့အနက် အလယ် ဆင်းတုဘော်သည် အခြား ဆင်းတုတော်များထက် အရွယ်အစားမှာကြီးသည်၊ ၎င်းသည် နောက်ခံတံကဲအောက် ပလ္လင်ပေါ်ထက်မှ ခြေတွဲလဲချ၍ ထိုင်နေဟန်ဖြစ်သည်။ ဘေးရံဆင်းတုတော်မှာ တဖက်တချက် အထက်အောက် နှစ်ဆူစီဆင့်လျက် အောက် ဆင်းတုဘော်များမှာ မတ်ရပ်တော်များဖြစ်သည်။ အထက်ဆင်းတုတော်များမှာ တင်ပြင်ခွေကိုယ်တော်များဖြစ်သည်။ မုဒြာအမျိုးမျိုးနှင့် တွေ့မြင်ရသည်။ ၎င်းဆင်းတုတော်တို့နှင့် အနေအထားပုံသဏ္ဍာန်ချင်းမကွဲခြားလှသောဆင်းတုတော်ကလေးများ ရှုံးမှတ်ပုံစာရင်းတွင်ယိုးဒယားမှရသည်ဟု အမှတ်နှင့် မီးမဖုတ်သေးသောမြေစိမ်းသက်သက်ဖြင့် လုပ်သော အုတ်ခွက်ကလေးတခုတွေ့ယှိသည်၊ ပုံ(၅၄)။ ၎င်းပုံကလေးအတိုင်းအုတ်ခွက်ဘခုကို ကျိုက္ခမီနယ်တွင်တွေ့ယှိကြောင်း

ဆာရစ်ချတ်တင်ပလ် ( Sir Richard Temple )၏ ၁၀၉၃ ခုနှစ်ထုတ်အိန္ဒိယအင်တီကွေရီ ( The Indian Antiquary ) စာစောင်အတွဲနံပါတ် ၂၂ နှင့် ပူးတွဲလျက်ပါ ယိုးဒယားမှ ပုံကလေးမှာ အမြင့် ၂ လက်မခွဲသာသာ ယို၍ အကျယ်မှာ ၁ လက်မခွဲသာသာ ယိုသည်။ (ဓာတ်ပုံမှာ တဆလောက် ချဲ့ထားသည်) ထိုပုံအတိုင်း ပုံကလေးတခုကို The Siam Society Fiftieth Anniversary Commemorative Publication, Vol. I, Plate II, လက်ျာဖက် အထက်စွန်း၌လည်း တွေ့ရပြန်သည်။ ထိုပုံသည် ဖုရားနှင့်ယမက တန်ခိုးပြာဋိဟာ ပြသောအခန်းဖြစ်သည်။ ယိုးဒယားပြည်ပြပထုံနယ် ခေါ်အောက်ဒလု၊ ဗဒလုန်မှ တွေ့ရသည်ဟု အထက်ဖေါ်ပြပါ ယိုးဒယား စာစောင် မျက်နှာ ၁၆၆ တွင် ပါသည်။ ၎င်းတို့သည် ယိုးဒယားပြည် ပြပထုံအဆက် ဖြစ်သည် ဟူ၍လည်း ဖေါ်ပြထားသည်။ ကျွန်ုပ်တို့၏ အထက်ဖေါ်ပြပါ အုတ်ခွက်မှာ အေ၊ ဒီ၊ ၇ ရာစုနှင့် ၈ ရာစုနှစ်မှ အုတ်ခွက်ဖြစ်မည်၊ ၎င်းကိုထောက်၍ ထိုအခါက သရေခေတ္တရာနှင့် ဒွာရာဝတီခေါ် ရှေးယိုးဒယားပြည်တို့သည် ကျိုက္ခမီနယ်မှတဆင့် တပြည်နှင့်တပြည် အဆက်အသွယ် ယိုကြဟန် တူသည်။ ကျိုက္ခမီနယ်ယို ရေးဂူဟောင်း များတို့၌ သုတေသနလုပ်ငန်းများ လုပ်ရန်ကျန်သေးသည်။ ယခုကရင်နယ် ဖါးကပ်ရွာ ကော့ဂွန်းဂူ၌ယိုသော အုတ်ခွက်များကိုပင် နှံ့နှံ့စပ်စပ် ရှာဖွေ လေ့လာခြင်း မပြုရသေး ဖြစ်သည်။ ထိုလိုဏ်ဂူ၌ တွေ့ယိုထားသော ကျောက်စာတချပ်မှာ အိန္ဒိယကျောက်စာ ပါဠိဂူတို့၏ အလိုအားဖြင့် အိန္ဒိယဘောင်ပိုင် းအက္ခရာနှင့် အေ၊ ဒီ၊ ၈ ရာစုနှစ်လောက်က ထိုးထားသော ကျောက်စာဖြစ်သည်။ ၎င်း၏အဓိပ္ပါယ်မှာ မထင်ရှားသေး၊ လေ့လာဆဲ ဖြစ်သည်။ ယိုးဒယားပြည်တွင် တွေ့ယိုရသော အုတ်ခွက်များကို ထောက်၍ ပြပထုံနယ်သည် အေ၊ ဒီ၊ ၅ ရာစုနှင့် ၇ ရာစုနှစ်အတွင်းလောက်က ဗုဒ္ဓဘာသာလောကတွင် တော်တော်ပင် ထင်ရှားခဲ့သော နယ်ဖြစ်ပေသည်။

၁၉၂၃–၂၄ ခုနှစ်အတွင်းတွင် မှော်ဇာ ဘောဘောကြီးဖုရားမှ ဟူ၍၎င်း၊ ၁၉၂၀–၂၉ ခုနှစ်အတွင်း၌ သရေခေတ္တရာမြို့ရိုး သာရာဝတီတံခါး အရှေ့ဖက် ကိုဘုဘ်ပေါ်ယာတွင်းယို ကုန်းတကုန်းမှ ဟူ၍၎င်း တွေ့ယို ရသော အဆင်တူအမျိုးတူ အုတ်ခွက်တို့အနက် တဆူကို ပုံ (၅၅) တွင် ပြထားသည်။ ၎င်းအုတ်ခွက်မှာ သစ်ရွက် ပုံသဏ္ဍာန်ယိုသည်။ အမြင့် ၄ လက်မ ၃မတ်ခန့်လောက်ယို၍ အောက်ခြေ အကျယ်မှာ ၃ လက်မခွဲ ယိုသည်။ မျက်နှာဖက်တွင် အထက်အောက် ၃ကန့် ကန့်၍ အထက်ဆုံးအကန့်၏ အလယ်တွင် ထီးမိုးလျက် နောက်ခံတံကဲနှင့် တင်ပြင်ခွေ ဗုဒ္ဓရုပ်ပွားတော်တဆူ တရားဟောနေဟန်ပါသည်။ ၎င်းအကန့်၏ အောက်၊ အလယ်ကန့်တွင် စကြာပုံပါသည်။ ၎င်းစကြာသည် အထက်ကန့်မှ ဗုဒ္ဓရုပ်ပွားတော်၏ အောက်တည့်တည့်တွင် ဖြစ်သည်။ အောက်ဆုံးအကန့်တွင် သမင်ရုပ်များဝပ်လျက် နေကြပါသည်။ အထက်ဆင်းတုတော်နှင့် အောက် စကြာပုံ တဖက်တချက်၊ ဝဲဖက်တွင် ပဉ္စဝဂ္ဂီငါးဦးတို့ တင်ပြင်ခွေလျက် တရားနာနေကြဟန်။ ယာဖက်တွင် နတ်မင်းကြီးများလည်း တရားနာနေကြဟန်ပါသည်။ အထက်တွင်ဖုရားရှင်၏ မဏ္ဍိတော်နှင့် တတန်းတည်း ယာဖက်တွင် နေဝန်းပုံ၊ ဝဲဖက်တွင် လဝန်းပုံများပါသည်။ ဓာတ်ပုံတွင် ၎င်းတို့သည် မထင်ရှားတော့ချေ။ မှော်ဇာမယ်လွှမ်းပြေ ကုန်းမှရယိုသည်ဟု ချုံးအမှတ်အသားနှင့် အခြားအလားတူ အုတ်ခွက်တဆူ၏ ဓာတ်ပုံ ကိုလည်းတွေ့ရသည်။

ပုံ (၅၆–က)။ ၎င်းအုတ်ခွက်မှာ အနားသတ်လျက် ဘဲဥပုံသဏ္ဍာန်ယိုသည်။ အမြင့်မှာ ၃ လက်မခွဲ ယို၍အချင်းမှာ ၄ လက်မယိုသည်။ တွေ့ယိုသော နေရာမှာ အသေအချာ အမှတ်အသား မပါသော်လည်း မှော်ဇာမှ အုတ်ခွက်ဖြစ်ကြောင်းကိုမူကား သေချာစွာသိရ၏။ မျက်နှာဖက်တွင် အောက်အကန့်ကြီး နှစ်ကန့် ကန့်လျက် နန်းတော်ပုံနှင့်တူသော အဆောက်အဦပုံတခုကို အထက်အကန့်တွင် တွေ့မြင်ရသည်။ ထိုအဆောက် အဦ၏ အထက်ပိုင်းတွင် ပြာသာဒ်သုံးဆောင် တက်လျက်ပါသည်။ အလယ် ပြာသာဒ်မှာ ဘုံသုံးဆင့်နှင့် ဘေးရှိ ပြာသာဒ်ကလေးနှစ်ခု ပါသည်၊ ၎င်းတို့အောက်အမိုးမှ နှစ်ဖက်မိုး လျှောနှင့် မုခ်ကလေးငါးခု ထွက်လျက် ယိုသည်၊ (တခုမှာ မဆင်ရှား) အမိုး၏ တံစက်မြိတ် အောက်တွင် ကြာယပ်များ ဆွဲလျက် ယိုသည်။ ခန်းမဆောင်ကြီး၏ အလယ်တွင် ပလ္လင်ပေါ်ထက် မင်းရုပ်နှင့်တူသော ရုပ်ပုံတခု တင်ပြင်ခွေလျက် ထိုင်နေ ဟန်ပါသည်။ ၎င်း၏ယာဖက်တွင် ပလ္လင်နိမ့်ထက် မိန်းမရုပ်နှင့်တူသော ရုပ်ပုံတခုထိုင်နေဟန် ပါသည်။ ထိုရုပ်ပုံ

နှစ်ခုအကြားတွင်ကလေးပုံနှင့်တူသောရုပ်ပုံကလေးတခုပါသည်။ ၎င်းတို့ဘဖက်တချက်ဝဲယာခစားနေကြသော မိန်းမယောကျ်ားမကွဲပြားပဲ ရုပ်ပုံငါးခုပါသည်။ ထိုရုပ်ပုံကလေးများသည် သေးငယ်၍တကြောင်း၊ မှေးမှိန်ပွန်းပဲ့နေခြင်းများကြောင့်တကြောင်း ၎င်းတို့၏ရုပ်ဆင်းသဏ္ဍာန်တို့ကို မခွဲခြားနိုင်ချေ။ ထိုနည်းအတူ အောက်အကန့်တွင် စီတန်းလျက်ပါသော ရုပ်ပုံကလေးများမှာလည်း အကအခုန်နှင့် အခစားဝင်ရောက်နေကြဟန်တူသည်။ အများအားဖြင့် နောက်တွဲဆံထုံးများကိုတွေ့ရသဖြင့် မိန်းမရုပ်ပုံများနှင့်တူသည်။ ၎င်းတို့အလယ်တွင် အုပ်ဆောင်းနှင့် ကလပ်ပုံတခုကို ရေးရေးမြင်ရသည်၊ ထိုဝတ္ထုကလေးကိုဗဟိုပြု၍ တဖက်တချက်လေးယောက်တန်းလျက် အုပ်ဆောင်းဖက်သို့ မျက်နှာမူနေကြသည်။ အထက်ပေါ်ပြပါအဆောက်အဦနှင့်တကွ ထိုရုပ်ပုံကလေးများကို ပေါင်းစပ်၍ကြည့်လိုက်သော် ၎င်းသည် မင်းခမ်းမင်းနားကို ခင်းကျင်းပြသထားပုံဖြစ်ဟန်တူသည်။ သို့သော် အုတ်ခွက်ဘွင်ပါသော အဆောက်အဦပုံမှာ ကျောင်းဆောင်ပုံပင်ဖြစ်မည်၊ နန်းတော်ပုံပင်ဖြစ်မည်ကို သေချာစွာ မခွဲခြားနိုင်ချေ။ မည်သို့ပင်ဖြစ်စေ၊ သရေခေတ္တရာမြို့ဟောင်းနေရာ၌ တွေ့ယိုရသော ဖေါ်ပြပါအုတ်ခွက်တို့ဘွင် ထိုကဲ့သို့သော အဆောက်အဦပုံပါသော အုတ်ခွက်မှာ ဤအုတ်ခွက်ဘခုသာလျှင် တွေ့ရသေးသည်။ ၎င်း၏ခါတ်ပုံမှာ ကောင်းကောင်းမထင်ရှား၍ တကြောင်းဆွဲအကြမ်းပုံတခုကို ပုံ (၅၆–ခ) တွင် ထည့်သွင်းပြလိုက်ပါသည်။ ထိုအုတ်ခွက်၏ ခေတ်အပိုင်းအခြားမှာလည်း ပုဂံအနော်ရထာ ခေတ်ထက် ရှေးကျသောပုံဖြစ်နေသည်။

ပုံ (၅၇)။ ၎င်းအုတ်ခွက်ပုံမှာ အဝိုင်းဖြစ်သည်၊ အချင်း ၂–လက်မဘမတ်ခန့်ယှိသည်၊ အနည်းငယ်ချို့ယွင်းနေသည်၊ အုတ်ခွက်၏မျက်နှာပြင်တွင် သံမှုဒွေသဘောနှင့် လက်မတမတ်ခန့်ယှိသော ဖုရားရှင်တော်မြတ်များ၏ တင်ပြင်ခွေ ရုပ်ပွါးဆင်းတုဘော်ကလေးများ အထက်အောက် ရှစ်တန်းတန်းလျှက် ဆင်းတုတော်ပေါင်း ရှစ်ဆယ့်ငါးဆူခန့်ပါသည်၊ ၎င်းကိုမှော်ဇာလေယာဉ်ပျံ တောင်ကုန်းတကုန်းမှရသည်ဟု ချုံးအမှတ်အသားနှင့်တွေ့ရသည်။

ပုံ (၅၈)။ ၎င်းအုတ်ခွက်တို့မှာ အကျိုးအပဲ့သာတွေ့ရသည်၊ သို့သော် အုတ်ခွက်နှစ်ချပ်ကိုစပ်၍ကြည့်လိုက်သော် အနည်းငယ်ပြည့်ပြည့်စုံစုံရသေး၏။ အုတ်ခွက်၏ပုံမှာ ဂုံးချွန်ပုံသဏ္ဍာန်ဖြစ်၍ အမြင့် ၄ လက်မ၊ အောက်ဘောင်အကျယ် ၃ လက်မယှိ၏။ မျက်နှာဖက်တွင်ပါသော ရုပ်ပုံတို့မှာ အလယ်တွင်နောက်ခံတံကဲနှင့်ကြာပလ္လင်ထက်ခြေထပ်လျက် လက်တော်ဗယ်ဘင်ညာချနှင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေဘော်မူသော ဗုဒ္ဓဆင်းတုတော်ဘဆူပါ၏။ ဘင်ထားသောလက်မှ သပိတ်ကိုပိုက်လျက်ယှိ၏။ တင်ပြင်ခွေထိုင်နေပုံမှာ ခြေကိုထပ်လျက်ပါ၏။ ကြာပလ္လင်အောက်၌ ပြော့ပလ္လင်ပါသေး၏၊ ထိုပြော့ပလ္လင်အထက် ဘေးဘဖက်ဘချက်အစွန်းတွင် ရဟန္တာရုပ်ဘဆူစီ ဒူးတုပ်လျက် ရှိခိုးနေဟန်ပါသည်။ ၎င်းတို့အောက် ပြော့ပလ္လင်၏ အလယ်မျက်နှာ မှန်ကူကွက်စွန်းတဖက်ဘချက်၌ အစောင့်အကြပ် တယောက်စီ တုတ်ကိုထမ်းလျက်ထိုင်နေဟန်တွေ့မြင်ရ၏၊ ၎င်းတို့နှစ်ဦးအလယ်တွင် အပြင်သို့ချက်နှာမူလျက် ရှေ့လက်များကိုထောက်၍ထိုင်နေဟန် ခြသေ့ရုပ်ပုံတခုပါ၏၊ ၎င်းတို့၏နံဘေးတဖက်တချက် ပလ္လင်အစွန်းမှန်ကူကွက်ဘွင် နွားနှင့်တူသော တိရစ္ဆာန်တခုသည် အမြီးထောင်၍ရပ်နေဟန်ပါ၏။ ထိုပလ္လင်စွန်း၏ တဖက်ဘချက်အထက်မှစ၍ အထက်သို့တက်သွားသော ပန်းခုံနှင့်စေတီဘဆူပါ၏၊ ၎င်းပြင် အလယ်ဆင်းတုတော်ကိုကပ်လျက် နံဘေးတဖက်ဘချက်တွင်လည်း နှာမောင်းကိုထောင်လျက်ဝပ်နေသော ဆင်၏အရှေ့ပိုင်း၊ ၎င်းဆင်ခေါင်းအထက်မှရပ်လျက် ဗျာလရုပ်မှာ အထက်တံကဲဘောင်မှထွက်လာသော မကာရ်ခေါင်းကို ထောက်ထားဟန်ပါသည်။ ၎င်းပုံအမျိုးမျိုးကို အထက်တွင်လည်း ဖေါ်ပြခဲ့ချေပြီ၊ သို့သော် ၎င်းတို့သည် အထက်တွင်ဖေါ်ပြခဲ့သောပုံများလောက် သပ်သပ်ယပ်ယပ်မယှိလှချေ၊ ခေတ်မှာတဦးနှင့်တဦးတို့ကွာခြားကြသည်။ ယခုပုံသည် အထက်ဖေါ်ပြခဲ့သောပုံတို့ထက် နောက်ကျပေလိမ့်မည်။ သို့ဖြစ်ငြားသော်လည်း ထိုနှစ်မျိုးစလုံးပင် သရေခေတ္တရာခေတ်မှ အုတ်ခွက်များဖြစ်ကြသည်။ မကာရ်ခေါင်းနှင့်တည့်တည့် အုတ်ခွက်နံဘေးတဖက်တချက်ဘွင် နခမ်းကိုကပ်လျက် လှူဘွယ်ဝတ္ထုတခုခုကိုပိုက်၍ ပူဇော်နေဟန် နတ်ရုပ်ပုံတခုစီပါသည်။

ပုံ (၅၉)။ သရေခေတ္တရာမြို့ဟောင်းနယ်အတွင်း နေရာအနှံ့အပြားတွင် တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်တို့အနက် ယခုပုံတွင်ပြထားသော ဆင်းတုတော်မျိုးသည် တမျိုးအဝင်အပါဖြစ်သည်။ ၎င်းမြို့ဟောင်းနေရာတွင် ရှေးအကျဆုံးဟု ယူဆကြသော ဘောဘောကြီးဘုရား၊ ဘုရားကြီးဘုရား၊ ဘုရားမာဘုရားတို့၌ ၎င်းတို့ကို အမြောက်အမြားတွေ့ယှိရသည်။ အုတ်ခွက်မှာအောက်ခြေဝိုင်းလျက် အထက်ထိပ်ဖက်တွင် ချွန်း၍ သစ်ရွက်ပုံသဏ္ဍာန်ယှိပြီးလျှင် မျက်နှာဖက်တွင် တရားဟောနေဟန် တင်ပြင်ခွေဘုရားရှင် ရုပ်ပွါးတော်တဆူပါသည်။ ကျောဖက်တွင် အချို့အုတ်ခွက်များ၌ ပျူလက်ရေးစာအနည်းငယ်ပါသည်။ မျက်နှာဖက်မှဆင်းတုတော်မှာ ခြေနှစ်ဖက်ကိုချိတ်၍ ကြာပလ္လင်ပေါ်တွင် တင်ပြင်ခွေလျက်ထိုင်နေဟန်နှင့် လက်နှစ်ဖက်ကို ရင်သို့အပ်လျက် တရားဟောနေဟန်ပါသည်။ ပုံအတိုင်းဆိုလျှင် ဆင်းတုတော်မှာ တင်းမာကြံ့ခိုင်တောင့်တင်းပုံရသည်၊ နောက်ခံတံကဲပါသည်၊ တံကဲ၏ထုပ်မှတဖက်တချက် ထွက်နေသောအစွန်းကို ဗျာလခေါ် သားရဲတိရစ္ဆာန်တမျိုးရုပ်လျက် ဦးခေါင်းဖြင့်ထောက်ထားဟန်ပါသည်။ ပါစမြဲဖြစ်သော ဆင်ရုပ်၊ မကာရ်းရုပ်တို့မှာ ဤနေရာတွင်မပါချေ။ သင်္ကန်းတော်မှာ ခေါက်ရိုးအစွန်းအစမှအပ မထင်ရှားချေ။ မဏိတော်အထက် ဥဏှိသပုံမှာ သပိတ်ကိုမှောက်တင်ထားသကဲ့သို့တွေ့မြင်ရသည်။ အောက်ခံကြာပလ္လင်အစွန်းတဖက်ဘချက်မှ အုတ်ခွက်နခမ်းကိုကပ်လျက် စေတီတော်ပုံကလေးများအထက်သို့ဝိုက်ပြီးလျှင် တန်းလျက်တက်သွားသည်။ ထိုစေတီကလေးပုံအတိုင်း မဏိတော်၏ တဖက်ဘချက်ရောင်ခြည်ဝန်းအပြင်ဖက်၌၊ စေတီကလေး နှစ်ဆူစီပါသည်။ ကြာပလ္လင်၏အောက်တွင် ပုံနှိပ်စာသုံးကြောင်းပါသည်။ ၎င်းပုံနှိပ်စာမှာ မထင်ရှားသဖြင့် မှန်းဆနိုင်ရုံလောက်သာယှိသည်၊ ၎င်းအတိုင်းဆိုလျှင်ထိုစာသည် အေဒီ၊ ၉–ရာစုနှစ်မှ ၁၀-ရာစုနှစ်အတွင်းခန့်က လက်ရေးလက်သားပုံသဏ္ဍာန်ယှိသော နာဂရီအက္ခရာဖြင့် ပုံနှိပ်ထားသော ''ယေဓမ္မာဟေတုပြဘဝါ''အစယှိသော ဂါထာဖြစ်ဟန်တူသည်။ အမြင့် ၄-လက်မ၊ အကျယ် ၃–လက်မခွဲခန့်စီယှိကြသည်။ ထိုအမျိုးအစားထဲမှ အုတ်ခွက်အချို့မှာ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ကျောဖက်တွင်ပျူဘာသာဖြင့် ပျူအက္ခရာနှင့်လက်ရေးစာများပါသည်။ ၎င်းတို့မှာမြန်မာလက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်ကြသည်။

ပုံ (၆၀)။

(က) – ဖ = တြ ဉ ၊
(ခ) – ညြိ ဖ = ဆော
(ဂ) – ယံတြ ဟန္ဒ ဒြ မြိ ဉ ဖု
(ဃ) – ဗံ = သဂ = သ္ဝတ္ပ – ကွိဒ =

၎င်းစာတမ်းကလေးများ၏အဓိပ္ပါယ်များကို မြန်မာလိုမပြန်ဆိုနိုင်သော်လည်း ထူးခြားလှမည်မဟုတ်ပဲ၊ ပုဂံအုတ်ခွက်ကျောဖက်များတွင်ပါသော မွန်ဘာသာနှင့် စာတမ်းများကဲ့သို့ ကုသိုလ်ရှင်၏ အမည်နှင့်သွင်းလုပ်ထားသောဘုရားရှင်၏ ရုပ်ထုတော်များဖြစ်သည်ဟုဆိုဟန်တူသည်။

ပုံ (၆၁)။ အခြားအုတ်ခွက်တမျိုးတွင်အလယ်၌ ကြာပလ္လင်ပေါ်ထက်တင်ပြင်ခွေလျက် ထိုင်နေတော်မူသော ဘုရားရှင်ရုပ်ထုတော်ပုံမှာ အထက်ဖေါ်ပြပါ အုတ်ခွက်(ပုံ–၅၉)နှင့် တစားတည်းဖြစ်သည်။ သို့သော် နောက်ခံတံကဲပုံမှာ အနည်းငယ်ကွဲပြားသည်။ ထင်ရှားဆုံးမှာ ယခုပုံတွင် ဗျာလ သားရဲတိရစ္ဆာန် ရုပ်မပါချေ။ ကြာပလ္လင်အောက် စာတမ်းမှာလည်း မပါချေ။ သို့သော် နံဘေးတဖက်တချက်၌ ပလ္လင်မှပေါ်ထွက်လာသော ကြာရိုးကြာတံနှင့် ကြာပွင့်ပုံခံလျက် ကြာဖူးပုံစေတီ သုံးကလေးတဆူစီပါသည်။ အမြင့် ၃ လက်မခွဲ၊ အကျယ် ၃ လက်မခန့်စီ ယှိကြသည်။ ၎င်းအုတ်ခွက် အမျိုးစားထဲမှ အချို့တို့၌ ကျောဖက်က ပျူစာပါသည်။ နမူနာပုံစံအနေနှင့်ထိုပျူစာတို့ကို လက်ငင်း မြန်မာအက္ခရာနှင့် ပြန်ဆို၍ အောက်တွင် ရေးသားဖေါ်ပြ လိုက်ပါသည်။

ပုံ (၆၁–က)။

၁။ ဗံး ရ = ဗံ = ဒံး ဗုည
ဗိ = စိ – ယံ

ဤစာတမ်း၏ အဓိပ္ပါယ်သည်လည်း အထက်နည်းတူ၊ ဗံ = ဆိုသောစကား၊ ယံ ဆိုသောစကားများကို ထောက်၍ ဤသည်ကား ဗံးရး နှင့် ဗံးဒံး တို့၏ ပုညကုသိုလ်ကောင်းမှုဖြစ်သည် ဟူ၍ ကောက်ဆိုလျှင် မှားလှမည် မဟုတ်ပေ။

